မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၃၀ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် ( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၃ ရက် )

**မြန်မာနိုင်ငံလူငယ်မူဝါဒရေးဆွဲရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ လူငယ်များကို မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် မြန်မာနိုင်ငံလူငယ်မူဝါဒရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန် **"မြန်မာနိုင်ငံလူငယ်မူဝါဒရေးဆွဲရေးဗဟိုကော်မတီ"** ကိုအောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးကိုယ်စားပြု လူငယ်ကိုယ်စားလှယ် (၂) ဦး | အဖွဲ့ဝင် |
| (ဆ) | မသန်စွမ်းလူငယ်ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဇ) | အမျိုးသမီးလူငယ်ကိုယ်စားလှယ် (၁) ဦး | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ မြန်မာနိုင်ငံလူငယ်မူဝါဒရေးဆွဲရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မြန်မာနိုင်ငံလူငယ်မူဝါဒရေးဆွဲရေးလုပ်ငန်းကော်မတီနှင့် မြန်မာနိုင်ငံလူငယ်မူဝါဒမူကြမ်း ရေးဆွဲရေး အဖွဲ့တို့အား ဖွဲ့စည်းခြင်း။

(ခ) လူငယ်မူဝါဒရေးဆွဲရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများအား ကြီးကြပ် လမ်းညွှန်ခြင်း။

(ဂ) လူငယ်မူဝါဒအား ရေးဆွဲရာ၌ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

(ဃ) လူငယ်မူဝါဒသည် နိုင်ငံတော်ရှိ လူငယ်များ၏ လက်ရှိပကတိအခြေအနေနှင့်ကိုက်ညီ၍ လူငယ်ထု တစ်ရပ်လုံးအတွက် အကျိုးဝင်ပြီး ပြည့်စုံကောင်းမွန်နိုင်ရေးအတွက် အကြံဉာဏ်ပေးခြင်း၊ လိုအပ်ချက်များအား ဖြည့်စွက်အတည်ပြုခြင်း။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

### နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်/ထွက် သွားလာလျက်ရှိသော နိုင်ငံခြားသားများ နှင့်ပတ်သက်၍ နိုင်ငံတော်၏လုံခြုံရေးကို ထိပါးမှုမရှိစေရေး၊ တရားဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှု ပေးနိုင်ရေးနှင့် စိစစ်ကြီးကြပ်နိုင်ရေးအတွက် **"နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေး ဗဟို ကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၁) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဂ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ဈ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဋ) ဒုတိယရှေ့နေချုပ် အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဌ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဒ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဓ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

၂။ နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ်ခြင်း။

(ခ) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း။

(ဂ) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာမူဝါဒများကို လုပ်ငန်းကော်မတီများသို့ ညွှန်ကြားခြင်း။

(ဃ) နိုင်ငံခြားသားများ ကြီးကြပ်စောင့်ရှောက်ရေးဆောင်ရွက်မှုများကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

(င) ခေတ်ကာလနှင့်ကိုက်ညီသော နိုင်ငံခြားသားများနှင့်ပတ်သက်သည့် ဥပဒေနှင့် ညွှန်ကြားချက်များကို ရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း။

(စ) လုပ်ငန်းကော်မတီများ၏ ဖြစ်ပေါ်တိုးတက်မှုများကို သိရှိနိုင်ရန် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးအား ကာလသတ်မှတ်ခေါ်ယူခြင်း။

(ဆ) နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ 124/7 Channel မှ ရရှိသော သတင်းအချက်အလက်များအား အပြန်အလှန် ရယူအသုံးပြုခြင်း။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေပုဒ်မ ၃ အရ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနှင့် အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — ဒုတိယဥက္ကဋ္ဌ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) အမြဲတမ်းအတွင်းဝန် (လယ်/ဆည်) — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(င) တွဲဖက်စစ်ထောက်ချုပ် (၂) — အဖွဲ့ဝင်
စစ်ထောက်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
နိုင်ငံတော်သမ္မတရုံး

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ည) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ"** အနေဖြင့် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါ လုပ်ငန်းများအတွက် တည်ဆဲဥပဒေများနှင့်အညီ နည်းလမ်းတကျဆောင်ရွက်နိုင်ရန် စိစစ်ခြင်း၊ ခွင့်ပြုခြင်း၊ လုပ်ပိုင်ခွင့်ရပ်ဆိုင်းခြင်းတို့ကို ဆောင်ရွက်နိုင်သည်-

(က) စိုက်ပျိုးရေးလုပ်ငန်း၊

(ခ) မွေးမြူရေးလုပ်ငန်း၊

(ဂ) ဓာတ်သတ္တုတူးဖော်ရေးလုပ်ငန်း၊

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများ။

၃။ **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ"** သို့ အောက်ပါပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများက နည်းလမ်းတကျ တင်ပြလျှောက်ထားလာခြင်းများကို စိစစ်၍ခွင့်ပြုခြင်း၊ ငြင်းဆိုခြင်းများ ဆောင်ရွက်နိုင်သည် -

(က) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊

(ဂ) ၁၉၈၇ ခုနှစ်၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေ ပုဒ်မ ၁၄ အရ သက်ဆိုင်ရာဝန်ကြီးဌာနက ကင်းလွတ်ခွင့်ပြုထားသူများဖြစ်သည့် နိုင်ငံတော်နှင့် သံတမန်အဆက်အသွယ်ရှိသော နိုင်ငံခြားသံတမန် အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အခြားမည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊

(ဃ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း တစ်ရပ်ရပ်နှင့် အကျိုးတူကိစ္စရပ်များအတွက်ဆောင်ရွက်မည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ၊

(င) မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် အကျိုးတူကိစ္စရပ်များအတွက် ဆောင်ရွက်မည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူများ၊

(စ) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး လုပ်ကိုင်လိုသူများ။

၄။ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားထောက်ခံချက်ဖြင့် တင်ပြလာသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအား ဆုံးဖြတ်ပေးရမည်။

၅။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုကို ပြည်ထောင်စု အစိုးရအဖွဲ့သို့ (၆) လလျှင် တစ်ကြိမ် တင်ပြရမည်။ မူဝါဒဆိုင်ရာ အဆုံးအဖြတ်ခံယူရန် ပေါ်ပေါက်ပါက နိုင်ငံတော်သမ္မတထံသို့ နည်းလမ်းတကျ တင်ပြ၍ လမ်းညွှန်မှုခံယူရမည်။

၆။ **"မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုကော်မတီ"** သည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်စပ်လျဉ်းပြီး လိုအပ်သောတာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီမှုအရ အမိန့်ကြော်ငြာစာ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၇။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၆/၂၀၁၂ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

## အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဖွဲ့စည်းခြင်း

၁။ တစ်နိုင်ငံလုံးအတိုင်းအတာလွှမ်းခြုံသည့် ရေအရင်းအမြစ်များအား စီမံဆောင်ရွက်နိုင်ရန်အတွက် **“အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | မြို့တော်ဝန်<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဈ) | မြို့တော်ဝန်<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ည) | မြို့တော်ဝန်<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဋ) | ကိုယ်စားလှယ်ဝန်ကြီးတစ်ဦး<br>တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(တ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ငါးလုပ်ငန်းဦးစီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

(န) ဥက္ကဋ္ဌ/အတွင်းရေးမှူး အဖွဲ့ဝင်
ရေဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအဖွဲ့

(ပ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

၂။ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေကိုအခြေပြု၍ တရားမျှတသော ရေခွဲဝေမှုစနစ်၊ ပြည်သူအားလုံးပါဝင်နိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် ဘက်စုံရေစီမံခန့်ခွဲမှုစနစ် (Integrated Water Resources Management System) တစ်ခုကို မြန်မာနိုင်ငံတွင် ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောကိစ္စအဝဝတို့ကို တာဝန်ယူဆောင်ရွက်ရန်။

(ခ) အမျိုးသား ရေအရင်းအမြစ်ဆိုင်ရာ ဘက်စုံစီမံခန့်ခွဲရေးမဟာဗျူဟာ [National Integrated Water Resources Management (IWRM) Strategy] တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန်။

(ဂ) အမျိုးသားရေအရင်းအမြစ်မူဝါဒ (National Water Resources Policy) တစ်ရပ် ရေးဆွဲချမှတ်ရန်။

(ဃ) နိုင်ငံတော်၏ရေအရင်းအမြစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှိရင်းစွဲရေအရင်းအမြစ်များအပေါ် အခြေခံ၍ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေနှင့်ဆိုင်သောအခြေခံမူဘောင် (Water Framework Directive) ကို ရေးဆွဲချမှတ်ဆောင်ရွက်ရန်။

(င) ရေးဆွဲသည့် အမျိုးသားရေအရင်းအမြစ်ဆိုင်ရာ ဘက်စုံစီမံခန့်ခွဲရေးမဟာဗျူဟာနှင့် အမျိုးသားရေအရင်းအမြစ်မူဝါဒတို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပေါ်ထွန်းလာစေရေး စီမံကွပ်ကဲပေးရန်၊ ယင်းဥပဒေတို့၏ အခန်းကဏ္ဍသစ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် လိုအပ်သလို ဖြည့်စွက်ထည့်သွင်းပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ရန်။

(စ) မြစ်၊ ချောင်း၊ အင်း၊ အိုင် အစရှိသော မြေပေါ်စီးဆင်းရေနှင့် မြေအောက်ရေစီမံခန့်ခွဲမှုများတွင် အသင့်လျော်ဆုံး ဖြန့်ကြက်ယူနစ်အဖြစ် မြစ်ဝှမ်းကိုအခြေခံထား၍ ဆောင်ရွက်ခြင်း (River Basin Development) နှင့် ရာသီဥတုပြောင်းလဲခြင်း (Climate Change) ၏ အကျိုးဆက်များကို ထည့်သွင်းစဉ်းစားခြင်းတို့တွင် ဦးဆောင်ဦးရွက်ပြုရန်။

(ဆ) ရေအရင်းအမြစ်အား ကဏ္ဍစုံတွင် အကျိုးထိရောက်စွာ သုံးစွဲနိုင်ရေး၊ ရေညစ်ညမ်းမှုကို ကာကွယ်လျော့ပါးစေရေးနှင့် လေလွင့်ဆုံးရှုံးမှုများ နည်းနိုင်သမျှနည်းပါးစေရေးတို့ကို စီမံချက်များချမှတ်၍ အလေးထား ဆောင်ရွက်သွားရန်။

(ဇ) ရေအရင်းအမြစ်တို့ကို စီးပွားရေးနှင့် ဝန်ဆောင်ခြင်းအလို့ငှာ အသုံးပြုခြင်းများမှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အခွန်ဘဏ္ဍာရရှိစေမည့်နည်းလမ်းများကို ရှာဖွေ၍ ယင်းနှင့်ပတ်သက်သော အခွန်ဘဏ္ဍာဆိုင်ရာဥပဒေပြုမှုများ ဆောင်ရွက်ရန်။

(ဈ) ရေအရင်းအမြစ်နှင့်ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုများအား ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များနှင့် တွဲဖက်၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ခွင့်ပြုနိုင်ရေးအတွက် သီးခြားမူဝါဒ ချမှတ်ဆောင်ရွက်ပေးရန်။

(ည) ရေနှင့်ပတ်သက်သော သဘာဝဘေးအန္တရာယ်များ(Water Related Disasters) ကျရောက်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများအား ကာကွယ်ရန်၊ ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများရေးဆွဲရန် လိုအပ်သော တွက်ချက်မှုများ၊ သုံးသပ်ချက်များကို ပြုလုပ်ရန်နှင့် နိုင်ငံတော်၏ရေပိုင်နက်များကို ကာကွယ်စောင့်ရှောက်ရန်ကိစ္စရပ်များအတွက် မရှိမဖြစ်လိုအပ်သော ရေအရင်းအမြစ်ဆိုင်ရာ ဆုံးဖြတ်ချက်အထောက်အကူပြုစနစ် (Water Resources Decision Support System) နှင့် ယင်း၏ အထောက်အကူပြု အချက်အလက်ဘဏ်များ (Data Banks) တည်ထောင်ရန်။

(ဋ) ရေနှင့်ဆက်နွယ်သော နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန်။

(ဌ) အထက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် ရေနှင့်ဆိုင်သော ဘက်စုံ၊ ရှုထောင့်စုံမှ လေ့လာသုံးသပ်တွက်ချက်မှုများ လိုအပ်သည့်အားလျော်စွာ ရေဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့ (Expert Group) ကို ဖွဲ့စည်း၍ ၎င်းတို့၏ ပညာရပ်ဆိုင်ရာပံ့ပိုးမှုများကို ရယူသွားရန်နှင့် ၎င်းအဖွဲ့အလုပ်လုပ်နိုင်ရန်အတွက် လိုအပ်သောအထောက်အပံ့များ ဖြည့်ဆည်းပေးရန်။

(ဍ) အထက်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရန် ရေအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယုံကြည်အပ်နှံရန်ပုံငွေ (Water Resources Trust Fund) တစ်ရပ်ကို တည်ထောင်၍ ပြည်တွင်း ပြည်ပမှ ရန်ပုံငွေများ ရှာဖွေစုဆောင်းပေးရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁၅ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

## အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်း (National Transport Master Plan) တွင် ပါဝင်သော လုပ်ငန်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် **"အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံကိန်းများ အကောင်အထည်ဖော်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |

| | | |
|---|---|---|
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး | အဖွဲ့ဝင် |
| (ဋ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား | အဖွဲ့ဝင် |
| (ဌ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ကုန်းလမ်းပို့ဆောင်ရေး | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (တ) | အတွင်းရေးမှူး<br>နေပြည်တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ထ) | အတွင်းရေးမှူး<br>ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဒ) | အတွင်းရေးမှူး<br>မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (ဓ) | အမှုဆောင်အရာရှိချုပ်<br>မြန်မာအမျိုးသားလေကြောင်း | အဖွဲ့ဝင် |
| (န) | အမှုဆောင်အရာရှိချုပ်<br>မြန်မာ့ဆိပ်ကမ်းအာဏာပိုင် | အဖွဲ့ဝင် |
| (ပ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဖ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။　အမျိုးသားပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံကိန်းများ အကောင်အထည်ဖော်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပင်မစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းစီမံကိန်းများ၊ ဘဏ္ဍာရေးအရင်းအမြစ်များအား ဆန်းစစ်ခြင်း၊ ဦးစားပေးအဆင့်သတ်မှတ်ခြင်းနှင့် အကောင်အထည်ဖော်မည့်ကာလအပိုင်းအခြားသတ်မှတ်ခြင်းများ ဆောင်ရွက်ရန်။

(ခ) လုပ်ငန်းစီမံကိန်းများအား ဦးစားပေးအလိုက် အကောင်အထည်ဖော်နိုင်ရန် ဘဏ္ဍာငွေရရှိရေး အတွက် နိုင်ငံတော်ဘတ်ဂျက်တွင် နှစ်စဉ်ထည့်သွင်းပြဋ္ဌာန်းခြင်း၊ ပြည်ပမှ ချေးငွေ/အကူအညီများ ရယူခြင်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်းတို့အား ဆုံးဖြတ်ဆောင်ရွက်ရန်။

(ဂ) ပင်မစီမံကိန်းတွင် ပါဝင်သည့် ပို့ဆောင်ရေးစကြံများအား ဦးစားပေးသတ်မှတ်ချက်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန်။

(ဃ) စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုများအား သုံးသပ်စစ်ဆေး၍လိုအပ်ပါက မျှော်မှန်းချက်၊ မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းစီမံကိန်းများအား အခြေအနေနှင့် အချိန်အခါအလိုက် ပြောင်းလဲ ချမှတ်ခြင်းများ ဆောင်ရွက်ရန်။

(င) မြန်မာနိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး၊ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍများအပါအဝင် ပို့ဆောင်ရေးကဏ္ဍတစ်ခုလုံး နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီမှုရှိစေရန် မူဝါဒ၊ မဟာဗျူဟာနှင့် လုပ်ငန်းလမ်းညွှန်မှုချမှတ်ခြင်းများ ဆောင်ရွက်ရန်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၁ ရက် )

## (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီ ဖွဲ့စည်းခြင်း

၂၀၁၆ ခုနှစ်၊ (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို အဆင်ပြေချောမွေ့စွာ ကျင်းပ နိုင်ရေးအတွက် **"(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၊ လုပ်ငန်း ကော်မတီနှင့်လုံခြုံရေးကော်မတီ"** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

(၁) **(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ**

| | |
|---|---|
| (က) ဒုတိယသမ္မတ (၁) | နာယက |
| (ခ) ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ဂ) ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |

(ဃ) အဖွဲ့ဝင် — အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(စ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ကာကွယ်ရေးဝန်ကြီးဌာန

(ဇ) တွဲဖက်စစ်ရေးချုပ် — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(ဈ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ည) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဋ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ထ) ရန်ကုန်မြို့တော်ဝန် — အတွင်းရေးမှူး
(ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန)

(ဒ) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) **(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(က) အာဇာနည်နေ့အခမ်းအနားကျင်းပရေးအတွက် မူဝါဒများချမှတ်ခြင်း။

(ခ) အာဇာနည်နေ့အခမ်းအနား အဆင်ပြေချောမွေ့စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီနှင့် လုံခြုံရေးကော်မတီတို့၏ လုပ်ငန်းများအား ကြီးကြပ်လမ်းညွှန်ခြင်း။

(ဂ) အာဇာနည်ဗိမာန်နှင့်ဗိုလ်ချုပ်ပြတိုက် စနစ်တကျလုံခြုံမှုရှိစေရေးအတွက် စီမံဆောင်ရွက်ခြင်း။

(၃) **(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ**

(က) ဝန်ကြီးချုပ် — ဥက္ကဋ္ဌ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဂ) ဝန်ကြီး — အဖွဲ့ဝင်
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဃ) ဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(င) ဝန်ကြီး — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်စွမ်းအင်ဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(စ) ဝန်ကြီး — အဖွဲ့ဝင်
လျှပ်စစ်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဆ) ဝန်ကြီး — အဖွဲ့ဝင်
လူမှုရေးဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဇ) ဝန်ကြီး — အဖွဲ့ဝင်
ကရင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဈ) ဝန်ကြီး — အဖွဲ့ဝင်
ရခိုင်တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ည) ဒုတိယတိုင်းမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းစစ်ဌာနချုပ်

(ဋ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

(ဌ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သံတမန်ရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အနုပညာဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဒ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဓ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(န) ဥက္ကဋ္ဌ — အဖွဲ့ဝင်
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

(ပ) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီး

(ဖ) တိုင်းကျန်းမာရေးဦးစီးမှူး — အဖွဲ့ဝင်
ရန်ကုန်တိုင်းဒေသကြီး

(ဗ) အင်ဂျင်နီယာမှူးကြီး — အဖွဲ့ဝင်
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ရန်ကုန်တိုင်းဒေသကြီး

(ဘ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
တိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီ
ရန်ကုန်တိုင်းဒေသကြီး

(မ) ရန်ကုန်မြို့တော်ဝန် — အတွင်းရေးမှူး
(ဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန)

(ယ) အမြဲတမ်းအတွင်းဝန် — တွဲဖက်အတွင်းရေးမှူး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၄) **(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(က) ဗဟိုကော်မတီမှချမှတ်သော မူဝါဒများနှင့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(ခ) လိုအပ်သည့်ဆပ်ကော်မတီများ ဖွဲ့စည်းခြင်း။

(ဂ) အခမ်းအနား အဆင်ပြေချောမွေ့စွာကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို အနီးကပ်ကြီးကြပ်ခြင်း၊ ကွပ်ကဲခြင်း၊ ညွှန်ကြားခြင်း။

**(၅) (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား လုံခြုံရေးကော်မတီ**

(က) ဒုတိယဝန်ကြီး ဥက္ကဋ္ဌ
ပြည်ထဲရေးဝန်ကြီးဌာန

(ခ) ဝန်ကြီး အဖွဲ့ဝင်
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဂ) ဒုတိယတိုင်းမှူး အဖွဲ့ဝင်
ရန်ကုန်တိုင်းစစ်ဌာနချုပ်

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဆ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ဇ) သတင်းရဲတပ်ဖွဲ့မှူး အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ဈ) ကွပ်ကဲရေးမှူး အဖွဲ့ဝင်
အမှတ် (၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့

(ည) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး

(ဋ) တပ်ဖွဲ့မှူး အဖွဲ့ဝင်
ယာဉ်ထိန်းရဲတပ်ဖွဲ့

(ဌ) ရဲချုပ် အတွင်းရေးမှူး
မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဍ) တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး

(၆) **(၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား လုံခြုံရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -**

(က) အာဇာနည်ဗိမာန်နှင့် ဗိုလ်ချုပ်ပြတိုက်အား အတွင်းစည်း၊ အပြင်စည်း လုံခြုံရေးများ ဆောင်ရွက်ခြင်း။

(ခ) အာဇာနည်ဗိမာန်သို့ တက်ရောက်လာသည့် နိုင်ငံတော်အဆင့်အကြီးအကဲများ၊ နိုင်ငံခြားသံတမန်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် လာရောက်ဂါရဝပြုသည့် ပုဂ္ဂိုလ်များ၏ လုံခြုံရေးကိစ္စ ဆောင်ရွက်ခြင်း။

(ဂ) နယ်မြေလုံခြုံရေးသတင်းကို ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

(ဃ) လုံခြုံရေးနယ်မြေအတွင်း အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် လူစုလူဝေးဖြင့် စုဖွဲ့ခြင်း မရှိအောင် ကြိုတင်ဟန့်တားနိုင်ရေး စီမံဆောင်ရွက်ခြင်း။

(င) လုံခြုံရေးစီမံချက်ရေးဆွဲခြင်း။

(စ) လုံခြုံရေးတာဝန်ပေးအပ်မည့် တပ်ဖွဲ့ဝင်များအတွက် လုံခြုံရေးကတ်ပြားများအား စီစဉ်ဆောင်ရွက်ပေးခြင်း။

(ဆ) လုံခြုံရေးတပ်များ နေရာချထားခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း။

(ဇ) မိုင်းရှင်းလင်းခြင်း၊ အတားအဆီးများ စီမံဆောင်ရွက်ခြင်း။

(ဈ) ကြိုတင်ဇာတ်တိုက် လေ့ကျင့်မှုများပြုလုပ်ခြင်း။

(ည) တာဝန်ထမ်းဆောင်မည့် အင်အားစာရင်းအား (၆၉) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြခြင်း။

(ဋ) အစီအစဉ်ကို (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီသို့ တင်ပြခြင်း။

(ဌ) လုံခြုံရေးကတ်၊ ယာဉ်ဝင်ခွင့်၊ လုံခြုံရေးအမှတ်အသားများ စစ်ဆေးခြင်း။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် )

### ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် **“ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ”** တို့ကို အောက်ပါအတိုင်း ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

(က) **ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ**

(၁) ဦးမြင့်ဆွေ နာယက
ဒုတိယသမ္မတ

(၂) သူရဦးအောင်ကို — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၃) ဒေါက်တာမျိုးအောင် — အဖွဲ့ဝင်
ဥက္ကဋ္ဌ
နေပြည်တော်ကောင်စီ

(၄) ဗိုလ်ချုပ်အောင်စိုး — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၅) ဦးမောင်မောင်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၆) ဦးအောင်မြင့်ထွန်း — အဖွဲ့ဝင်
ကောင်စီဝင်
နေပြည်တော်ကောင်စီ

(၇) ဒုတိယတိုင်းမှူး — အဖွဲ့ဝင်
နေပြည်တော်တိုင်းစစ်ဌာနချုပ်

(၈) ဒေါက်တာဒေါ်နန္ဒာမွန်း — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## (ခ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ

(၁) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(၄) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

(၅) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(၆) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(၇) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၈) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုသရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၁၁) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(၁၂) တွဲဖက်အတွင်းရေးမှူး — အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(၁၃) အလှည့်ကျသဘာပတိ — အဖွဲ့ဝင်
ဂေါပကအဖွဲ့
ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး

(၁၄) ဒုတိယညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို LED Board ဖြင့် ပူဇော်နိုင်အောင် ဆောင်ရွက်ရန်၊

(ခ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို စီစဉ်ညွှန်ကြားရန်၊

(ဂ) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအတွက် ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီအသီးသီး၏ လိုအပ်ချက်များအား ကူညီဖြည့်ဆည်းပေးရန်နှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်၊

(ဃ) အရေးကြီးပုဂ္ဂိုလ်နှင့် ဧည့်သည်တော်များအား ကြိုဆိုရေး၊ သံဃာတော်များ ပင့်ဆောင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ သံဃာတော်များအား ဆက်ကပ်မည့်လှူဖွယ်ပစ္စည်းများ၊ သာသနာ့မဟာဗိမာန်တော် ပြင်ဆင်ထားရှိမှု စသည်တို့အား လစ်ဟာမှုမရှိစေရေးအတွက် ကြိုတင်စစ်ဆေးထားပြီး ဆပ်ကော်မတီအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရန်။

၃။ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့သည် လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သောဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်အတွင်း အချိန်ကာလအလျောက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျပြုလုပ်ထားနိုင်ရေးအတွက်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ကူညီရေးလုပ်ငန်းများကို လျင်မြန်သွက်လက်စွာနှင့် ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက်လည်းကောင်း "အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ" ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>သမ္မတရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဌ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ဏ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(တ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ထ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဒ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဓ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(န) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ပ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဖ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ဗ) ဝန်ကြီးချုပ် အဖွဲ့ဝင်
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဘ) စစ်ဦးစီးအရာရှိချုပ် (ကြည်း) အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

(မ) စစ်ဦးစီးအရာရှိချုပ် (ရေ) အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)

(ယ) စစ်ဦးစီးအရာရှိချုပ် (လေ) အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)

(ရ) အမြဲတမ်းအတွင်းဝန် အတွင်းရေးမှူး
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(လ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ကော်မတီ၏ လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့များဖွဲ့စည်းပေးခြင်း၊ အဆင့်ဆင့်သောလုပ်ငန်းများအနက် အရေးကြီးသောလုပ်ငန်းများအား မူဝါဒပေးခြင်း၊ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်တိုးတက်မှုကို ပြန်လည်သုံးသပ်၍ လိုအပ်သလိုလမ်းညွှန်ခြင်း၊

(ခ) သဘာဝဘေးကြုံတွေ့နေချိန်တွင် ပြည်တွင်းစွမ်းအားစုများကို လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရေးဆိုင်ရာ မူဝါဒလမ်းညွှန်ချက်များ ချမှတ်ပေးခြင်း၊

(ဂ) ပြည်ပမှအကူအညီလိုအပ်သည်ဟု ဆုံးဖြတ်သောကိစ္စရပ်များအတွက် ပေါင်းစပ်ဆောင်ရွက်ရေးဆိုင်ရာ အခြေခံမူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) နိုင်ငံတော်ဘဏ္ဍာနှင့် နိုင်ငံတော်ပိုင်အရင်းအမြစ်များအား စီမံခန့်ခွဲလျက် လိုအပ်သောနေရာများသို့ ကူညီပေးခြင်း၊

(င) သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်စေရေးနှင့် အခက်အခဲအဟန့်အတား မရှိစေရေးအတွက်လည်းကောင်း၊ ကယ်ဆယ်ရေးပစ္စည်းများအား အလွဲသုံးစားမှု မရှိစေရေးအတွက်လည်းကောင်း၊ သဘာဝဘေးကြုံတွေ့နေချိန်နှင့် ကြုံတွေ့ပြီးချိန်တွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်းကောင်း လိုအပ်ပါက အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၆

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် )

## တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စနစ်တကျကြီးကြပ်ဆောင်ရွက်သွားနိုင်ရန် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီနှင့် အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီအောက်တွင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်သည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ဆက်စပ်သည့် ဝန်ကြီး သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့်ကောင်စီဝင် | ဥက္ကဋ္ဌ |
| (ခ) | တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး/ပြည်နယ်/နေပြည်တော်ကောင်စီနယ်မြေ စိုက်ပျိုးရေးဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ ဆည်မြောင်းဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (င) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (စ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဇ) | တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ကိုယ်စားလှယ် (မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးအတွက်သာ) | အဖွဲ့ဝင် |
| (ဈ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ည) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ ပညာရေးမှူးရုံး ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဋ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ သတ္တုတွင်းလုပ်ငန်း/ကျောက်မျက်ရတနာလုပ်ငန်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနကိုယ်စားလှယ် | အဖွဲ့ဝင် |
| (တ) | တိုင်းဒေသကြီး/ပြည်နယ်စည်ပင်သာယာရေးအဖွဲ့/နေပြည်တော်/ ရန်ကုန်မြို့တော်/မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ထ) | အခြားသင့်လျော်မည့်ဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ | အဖွဲ့ဝင် |
| (ဒ) | လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဓ) | အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (န) | ပုဂ္ဂလိက စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ပ) | တိုင်းဒေသကြီး/ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး/တာဝန်ခံအရာရှိ | အတွင်းရေးမှူး |
| (ဖ) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကိုယ်စားလှယ် (သို့မဟုတ်) သင့်လျော်သည့်ကိုယ်စားလှယ် | တွဲဖက်အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ နှစ်တို/နှစ်ရှည် လုပ်ငန်းအစီအစဉ်များအား ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ခ) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေအလိုက် ဆောင်ရွက်မည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ဒေသနှင့် သင့်လျော်သည့် နှစ်တို၊ နှစ်ရှည်လုပ်ငန်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော် နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(ဂ) ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိ စေရန် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းများနှင့်ပတ်ဝန်းကျင်အုပ်ချုပ်မှု အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန် ကြီးကြပ်ခြင်း၊

(ဃ) ပတ်ဝန်းကျင်အုပ်ချုပ်မှုအစီအမံများအရ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေးအတွက် သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများ အရ လိုက်နာအကောင်အထည်ဖော်မှုအပေါ် ဘက်စုံစောင့်ကြပ်ကြည့်ရှု စစ်ဆေးကြပ်မတ်ခြင်း၊

(င) ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များအရ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

(စ) ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်စေမည့် အစိမ်းရောင်စီးပွားရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြီးကြပ်ခြင်း၊

(ဆ) သဘာဝသယံဇာတအရင်းအမြစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လျော့နည်းဆုံးရှုံးမှုကို တားဆီးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဇ) စွမ်းအင်ချွေတာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ရေရှည်စဉ်ဆက်မပြတ်အသုံးချနိုင်ရေး အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဈ) ပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်များနှင့် စာရင်းဇယားများ ကောက်ယူစုစည်းခြင်းဆိုင်ရာ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) မြို့ပြဒေသ၊ ရပ်ရွာ၊ စက်မှုနယ်မြေနှင့် အထူးစီးပွားရေးဇုန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှု ဆိုင်ရာများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဋ) စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှုများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဌ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြေရှင်းဆောင်ရွက်မည့်ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းခြင်း၊

(ဍ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိအမြင်ပြန့်ပွားရေး၊ ပညာပေးရေး ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ဎ) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်း အချက်အလက်များထိန်းသိမ်းသည့်စနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်ခြင်း၊

(ဏ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ အခါအားလျော်စွာပေးအပ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

(တ) လိုအပ်သည့် တိုင်း/ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် )

**တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက် )

**အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းအား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့်ဆိုင်ရာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူ ဦးခင်မောင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၏တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄၀/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက် )

## ကမ္ဘာ့ဘဏ်ချေးငွေစီမံကိန်းများမှ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ်ချေးငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၏ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ကမ္ဘာ့ဘဏ် IDA ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများမှ ချေးငွေထုတ်ယူသုံးစွဲရန် ကျန်ရှိသည့်ငွေပမာဏ (Undisbursed Amount) ၏ ၅%ထက်မပိုသောပမာဏကို ကမ္ဘာ့ဘဏ်၏ အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ နည်းလမ်း (Immediate Response Mechanism - IRM) အရ ထုတ်ယူသုံးစွဲရန်အတွက် ကမ္ဘာ့ဘဏ် ချေးငွေစီမံကိန်းများမှ သဘာဝဘေးအန္တရာယ်အတွက် အရေးပေါ်ချေးငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကော်မတီအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ကိုယ်စားလှယ် (၁) ဦး<br>နိုင်ငံတော်သမ္မတရုံး | အဖွဲ့ဝင် |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ကိုယ်စားလှယ် (၁) ဦး<br>အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန | အတွင်းရေးမှူး |

၂။ ကမ္ဘာ့ဘဏ်၏ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် စီမံကိန်းများမှရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အရေးပေါ်ချေးငွေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အရေးပေါ်စီမံကိန်းအကောင်အထည်ဖော်မှုအစီအစဉ် (Contingent Emergency Response Implementation Plan - CERIP) ကို ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းရေးဆွဲဆောင်ရွက်ရန်၊

(ခ) ကမ္ဘာ့ဘဏ် IDA အရေးပေါ်တုံ့ပြန်မှုဆိုင်ရာနည်းလမ်း (Immediate Response Mechanism-IRM) အရ Operation Manual ကို ပြုစုရေးဆွဲအတည်ပြုရန်၊

(ဂ) ကမ္ဘာ့ဘဏ်မှရရှိမည့်ချေးငွေကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေအစီအစဉ်မှ သုံးစွဲနိုင်ရေး ကမ္ဘာ့ဘဏ်နှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) အဆိုပါ ချေးငွေမှ မြန်မာနိုင်ငံ၏ ရေဘေးသင့်ဒေသများပြန်လည်ထူထောင်ရေးအတွက် သုံးစွဲမည့် ကိစ္စရပ်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်ချက်နှင့် အညီ သုံးစွဲနိုင်ရေး ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန်၊

(င) ချေးငွေကို သက်ဆိုင်ရာဌာနများက အဖွဲ့ဝင်များပါဝင်သည့် စီမံကိန်းအကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ (Special Implementation Unit-SIU) ဖွဲ့စည်း၍ ကမ္ဘာ့ဘဏ်၏ ချေးငွေ ဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများ၊ Operation Manual တို့နှင့်အညီ ထုတ်ယူသုံးစွဲနိုင်ရေး ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ပေးရန်နှင့် ကမ္ဘာ့ဘဏ်သို့ လိုအပ်သည်များ အသိပေးအကြောင်းကြားရန်၊

(စ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများသို့ အခြားလိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ပြုလုပ်ပေးရန်၊

(ဆ) စီမံကိန်းအကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့ (Special Implementation Unit-SIU) ၏ စီမံခန့်ခွဲမှုဖြင့် ချေးငွေအတွက် ထုတ်ယူသုံးစွဲမှုမှတ်တမ်းများထားရှိခြင်း၊ ပစ္စည်းဝယ်ယူမှု၊ တည်ဆောက်မှု၊ အကြံပေးငှားရမ်းမှု၊ ဝန်ဆောင်မှု၊ ငှားရမ်းမှု စသည်တို့အတွက် နိုင်ငံတော်၏ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများ၊ ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထုတ်ယူသုံးစွဲနိုင်စေခြင်း၊ စာရင်းအစစ်ဆေးခံခြင်းတို့အတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက် )

## အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုအစိုးရ အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကော်မတီကို အထောက်အကူပြု ဆောင်ရွက်သွားနိုင်ရန် **"အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ"** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန — ဒုတိယဥက္ကဋ္ဌ

| | | |
|---|---|---|
| (ဂ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (ဃ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စီးပွားရေးဘဏ် | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (ဆ) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများ<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | မြန်မာနိုင်ငံအသေးစားငွေရေးကြေးရေးအသင်းမှ<br>ကိုယ်စားလှယ်တစ်ဦး | အဖွဲ့ဝင် |
| (စျ) | ဒုတိယအမြဲတမ်းအတွင်းဝန် (ဘဏ္ဍာရေး)<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဌ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက် )

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ဥက္ကဋ္ဌ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၆ ဖြင့် ဖွဲ့စည်းခဲ့သော **"ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်"** ၏ ဥက္ကဋ္ဌအဖြစ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းအား ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၆**

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက် )

**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် **"မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

(၁) ဦးကျော်ဝင်း — ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ဒေါက်တာသန်းမြင့် — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၃) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၄) ဦးခင်မောင်ရီ — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၅) ဦးတိုးအောင်မြင့် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၆) ဦးထွန်းထွန်းနိုင် — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၇) ဦးငွေးချွန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၈) ဦးကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(၉) ဦးအေးလွင် — အဖွဲ့ဝင်
တွဲဖက်အထွေထွေအတွင်းရေးမှူး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၁၀) ဦးအောင်နိုင်ဦး — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၁၁)　ဒေါ်မြသူဇာ　　　　　　　　　　　　　　တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက် )

### အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဖွဲ့စည်းခြင်း

၁။　ပြည်ထောင်စုအစိုးရအဖွဲ့သည် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်အရ **“အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည်-

(က)　နိုင်ငံတော်သမ္မတ　　　　　　　　　　　ဥက္ကဋ္ဌ

(ခ)　နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်　　　　　　　တွဲဖက်ဥက္ကဋ္ဌ

(ဂ)　ဒုတိယသမ္မတများ　　　　　　　　　　　ဒုတိယဥက္ကဋ္ဌ

(ဃ)　ပြည်ထောင်စုဝန်ကြီး　　　　　　　　　　အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(င)　ပြည်ထောင်စုဝန်ကြီး　　　　　　　　　　အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(စ)　ပြည်ထောင်စုဝန်ကြီး　　　　　　　　　　အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဆ)　ပြည်ထောင်စုဝန်ကြီး　　　　　　　　　　အဖွဲ့ဝင်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဇ)　ပြည်ထောင်စုဝန်ကြီး　　　　　　　　　　အဖွဲ့ဝင်
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

(ဈ)　ပြည်ထောင်စုဝန်ကြီး　　　　　　　　　　အဖွဲ့ဝင်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(ည)　ပြည်ထောင်စုဝန်ကြီး　　　　　　　　　　အဖွဲ့ဝင်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဋ)　ပြည်ထောင်စုဝန်ကြီး　　　　　　　　　　အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဌ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(ဍ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဎ) ပြည်ထောင်စုဝန်ကြီး — အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန

(ဏ) ပြည်ထောင်စုရှေ့နေချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(တ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

(ထ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဒ) စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များမှ သင့်လျော်သော ကိုယ်စားလှယ်များနှင့်စီးပွားရေးပညာရှင်၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ — အဖွဲ့ဝင်

(ဓ) ပြည်ထောင်စုဝန်ကြီး — အတွင်းရေးမှူး
စက်မှုဝန်ကြီးဌာန

၂။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ အခြေခံမူများနှင့်အညီ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်စေရန် မူဝါဒများချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) နိုင်ငံတော်၏ စီးပွားရေးအင်အားစုများတွင် အချိုးအစားအများဆုံး ပါဝင်နေသည့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဂ) ငွေကြေးအကူအညီနှင့် နည်းပညာအကူအညီများရရှိရေးအတွက် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးရန် လမ်းညွှန်မှုပေးခြင်း၊

(ဃ) အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းဈေးကွက်များ ကျေးလက်ဒေသအထိ ဖွံ့ဖြိုးရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းများ ပုံမှန်ဖြစ်ထွန်းတိုးတက်လာစေရန် စီစဉ်ပေးခြင်း၊

(စ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်သည့် လူသားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဆ) စွမ်းအင်ထုတ်လုပ်ခြင်းနှင့်စွမ်းအင်ကိုအကျိုးရှိရှိထိရောက်စွာ အသုံးချရေးနည်းပညာ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနည်းပညာများ အသုံးပြုရေးအတွက် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဇ) တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်သည့်နည်းပညာနှင့် စက်ကိရိယာများ အသုံးပြုရေးအတွက် ဆက်စပ်ညှိနှိုင်းလမ်းညွှန်ခြင်း၊ စွန့်ဦးတီထွင်စီးပွားရေးလုပ်ငန်းများ တိုးတက်ပေါ်ထွန်းလာရန် လမ်းညွှန်ပံ့ပိုးပေးခြင်း၊

(ဈ) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ အခြေခံအဆောက်အအုံများနှင့် အထောက်အကူပြုပစ္စည်းများ လုံလောက်စွာထောက်ပံ့ဖြည့်တင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊

အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခြင်း၊

(ည) လုပ်ငန်းကော်မတီ ဖွဲ့စည်းပေးခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ပေးခြင်း၊

(ဋ) အေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့နှင့် အခြားလိုအပ်သောအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ရန် လမ်းညွှန်ခြင်း။

၃။ ဗဟိုကော်မတီ၏ ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၂ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၇ ရက် )

## ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များပါဝင်သော **“ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့”** ကို ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
နယ်စပ်ရေးရာဝန်ကြီးဌာန

(ည) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(ဋ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

(ဌ) ဒုတိယဝန်ကြီး အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ဍ) ဥက္ကဋ္ဌ အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ဎ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဏ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(တ) ဥက္ကဋ္ဌ အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ထ) ပါမောက္ခ (ဌာနမှူး) အဖွဲ့ဝင်
ဓာတုအင်ဂျင်နီယာဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်

(ဒ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
စက်မှုဝန်ကြီးဌာန

(ဓ) ပါမောက္ခ (ဌာနမှူး) တွဲဖက်အတွင်းရေးမှူး (၁)
ဓာတုဗေဒဌာန
ရန်ကုန်တက္ကသိုလ်

(န) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၂)
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃။ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ထုတ်လုပ်ခြင်း၊ ပြုပြင်ဖော်စပ်ခြင်း၊ သုံးစွဲခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်းမပြုရန် တားမြစ်ပိတ်ပင်သည့် ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်း၏ အမျိုးအမည်နှင့်ပမာဏကို သတ်မှတ်ခြင်း၊

(ဂ) လိုင်စင်သက်တမ်းနှင့် မှတ်ပုံတင်လက်မှတ်သက်တမ်းတို့ကို သတ်မှတ်ခြင်း၊

(ဃ) လိုင်စင်လျှောက်ထားသူနှင့် မှတ်ပုံတင်လက်မှတ် လျှောက်ထားသူတို့၏ အရည်အချင်းနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(င) အန္တရာယ်သတိပေး အမှတ်အသားကပ်ခြင်းနှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းနှင့် ထုတ်ပြန်ခြင်း၊

(စ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ သိုလှောင်ထားရှိမည့် သိုလှောင်ရုံ တည်ဆောက်သင့်သော နေရာသတ်မှတ်ခြင်း၊ သိုလှောင်ရုံနှင့်စပ်လျဉ်းသည့် စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊

(ဆ) မူလဓာတ်ခွဲခန်းနှင့် အယူခံဓာတ်ခွဲခန်းများကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားအဆင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများစာရင်းနှင့်စပ်လျဉ်း၍ အမျိုးအစားခွဲခြားခြင်း၊ စာရင်းထုတ်ပြန်ခြင်း၊ ယင်းတို့၏ကန့်သတ်ချက်များကို သတ်မှတ်ခြင်းနှင့်နိုင်ငံတကာစံချိန်စံညွှန်းများ အရသော်လည်းကောင်း၊ သုတေသနစမ်းသပ်တွေ့ရှိချက်အရသော်လည်းကောင်း အမျိုးအစား ခွဲခြားခြင်းကို ပြန်လည်ပြင်ဆင်ခြင်း၊

(စျ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ်၊ တိုက်ရိုက်ထိခိုက်မှုနှင့်ပတ်ဝန်းကျင်ညစ်ညမ်းမှုမှတစ်ဆင့် လူနှင့်တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်အား သွယ်ဝိုက်ထိခိုက်မှုတို့ကို ကြိုတင်ဆန်းစစ်မှု ပြုလုပ်ခြင်းနှင့် ထိရောက်သော စီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ည) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင်အား ဆိုးကျိုးသက်ရောက်မှုကို ဆန်းစစ်မှုပြုလုပ်ခြင်းနှင့် ထိရောက်သောစီမံခန့်ခွဲမှုကို ဆောင်ရွက်ခြင်း၊

(ဋ) ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများကြောင့် လူနှင့်တိရစ္ဆာန်တို့၏ကျန်းမာရေးကို အန္တရာယ်ဖြစ်မှုနှင့် ပတ်ဝန်းကျင်သို့ ဆိုးကျိုးသက်ရောက်မှုအား အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန် လိုအပ်သော အဖွဲ့များဖွဲ့စည်း၍ တာဝန်ပေးခြင်းနှင့် အရေးယူခြင်း၊

(ဌ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ အကြံပေးအဖွဲ့နှင့် အခြားပညာရပ်ဆိုင်ရာအဖွဲ့များကို လိုအပ်သလိုဖွဲ့စည်းခြင်း၊

(ဍ) ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း။

၄။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုဦးစီးအဖွဲ့၏ ရုံးလုပ်ငန်းများကို စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်ရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၃ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၈ ရက် )

## အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ် များနှင့်လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နုနုယဉ်အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့် ဆိုင်ရာဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်နုနုယဉ်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင်ထမ်းဆောင်ရသည့် တာဝန်များအပြင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စီမံရေးရာဦးစီးဌာန၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ငွေ ၂၀၀,၀၀၀/-(ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၄၇/၂၀၁၆

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၉ ရက် )

## အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့်လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈၇/၂၀၁၅ အရ စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် ပူးတွဲတာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သက်ပြည့်အငြိမ်းစားယူပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကိုကိုလွင်အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်နှင့်ဆိုင်ရာလုပ်ငန်းဌာန၏ ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးကိုကိုလွင်သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာနရုံး၏တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ် ငွေ ၂၀၀,၀၀၀/-(ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

**[ ယခင်အပတ် ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၁၆)၊ မြန်မာသင်္ဘောများ မှတ်ပုံတင်ဥပဒေ (မူကြမ်း) မှ အဆက် ]**

၂၂။ မြန်မာ့ရေပြင်၊ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်တို့တွင် အသုံးပြုရန်အလို့ငှာ စင်းလုံးငှားရမ်းသည့် နိုင်ငံခြားသင်္ဘောကို ဤဥပဒေအရ သင်္ဘောမှတ်ပုံတင်ရန် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံလျှင် **ဦးစီးဌာနသည်** စင်းလုံးငှားရမ်းသည့် မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ပြီး မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်သည်။

၂၃။ မှတ်ပုံတင်အရာရှိသည် -

(က) စင်းလုံးငှားရမ်းသည့် သင်္ဘောအား မှတ်ပုံတင်ရန်လျှောက်ထားချက်နှင့် စပ်လျဉ်း၍ ဦးစီးဌာနက ပုဒ်မ ၂၀၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ မှတ်ပုံတင်ခွင့်ပြုရန် ညွှန်ကြားသည့်အခါ လျှောက်ထားသူအား မှတ်ပုံတင်ခ၊ သင်္ဘော၏ လုံးပေါင်းတန်ချိန်၊ နှစ်စဉ်ကြေးနှင့် အခြားအခကြေးငွေတို့ကို သတ်မှတ်ချက်များနှင့်အညီ ပေးသွင်းစေပြီး အောက်ဖော်ပြပါအချက်အလက်များကို သင်္ဘောစင်းလုံးငှားရမ်းခြင်း မှတ်ပုံတင်စာရင်းတွင် စင်းလုံးငှားရမ်းသည့် သင်္ဘောအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအလိုက်ခွဲခြား၍ မှတ်တမ်းတင်ပြီး ပြည်ပမှ စင်းလုံးငှားရမ်းသည့် သင်္ဘောအဖြစ် ယာယီမှတ်ပုံတင်ခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းပြုလုပ်ရမည် -

(၁) စင်းလုံးငှားရမ်းသည့် သင်္ဘော၏အမည်၊ သင်္ဘော၏ မှတ်ပုံတင်ဆိပ်ကမ်းအမည်နှင့် သင်္ဘောစင်းလုံးငှားရမ်းသည့်ကာလ၊

(၂) သင်္ဘောပိုင်ရှင်နှင့် စင်းလုံးငှားရမ်းသူတို့၏ အမည်၊ ရာထူးတာဝန်များ၊ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ၊ ဖုန်း၊ ဖက်စ်နှင့် အီးမေးလ်လိပ်စာများ၊

(၃) ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) ၌ ပါရှိသော အချက်အလက်နှင့် အထောက်အထားများ။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်ပြီးနောက် စင်းလုံးငှားရမ်းသည့် သင်္ဘောအား ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်း၊ မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ (က) ဦးစီးဌာနသည် ပုဒ်မ ၁၇ အရ ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်လျှောက်ထားသည့် သင်္ဘောများနှင့်စပ်လျဉ်း၍ လိုအပ်သော သင်္ဘောတိုင်းတာစစ်ဆေးချက် လက်မှတ်နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ သက်သေခံလက်မှတ်တစ်ခုခု မပြည့်စုံသေးမီ ယာယီမှတ်ပုံတင်ပြီး ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးနိုင်သည်။

(ခ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသည့် ယာယီမှတ်ပုံတင်လက်မှတ်၏ သက်တမ်းသည် ခြောက်လထက် မပိုစေရ။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ခ) အရ ထုတ်ပေးသည့် ယာယီမှတ်ပုံတင်လက်မှတ်ကို ကိုင်ဆောင်သူသည် ထိုသက်တမ်းခြောက်လအတွင်း သို့မဟုတ် ဦးစီးဌာနက တိုးမြှင့်ပေးသည့် ကာလအတွင်း လိုအပ်သော သင်္ဘောတိုင်းတာစစ်ဆေးချက်လက်မှတ်နှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာ သက်သေခံလက်မှတ်တို့ကို တင်ပြပြီး ယာယီသက်သေခံလက်မှတ်ကို ပြန်လည်အပ်နှံ၍ မှတ်ပုံတင်လက်မှတ်ကို ထုတ်ယူရမည်။

၂၅။ (က) ပြည်တွင်းရေကြောင်းသွားသင်္ဘောငယ်များမှအပ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (ဂ) အရ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်၏သက်တမ်းသည် တစ်ဆက်တည်း ငါးနှစ်ဖြစ်ပြီး သက်တမ်းတိုးခွင့်ရှိသည်။

(ခ) ပုဒ်မ ၂၂ အရ မှတ်ပုံတင်သော စင်းလုံးငှားရမ်းသည့် သင်္ဘော၏ မှတ်ပုံတင်လက်မှတ် သက်တမ်းသည် တစ်နှစ်ဖြစ်သည်။

၂၆။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင်္ဘောအမျိုးအစားနှင့် လုပ်ငန်းအမျိုးအစားအပေါ် အခြေပြု၍ မှတ်ပုံတင်ခ၊ သက်တမ်းတိုးမြှင့်ခ၊

သင်္ဘောအား နှစ်စဉ်စစ်ဆေးခ၊ ရက်လွန်ကြေးနှင့် အခြားအခကြေးငွေများကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ရမည်။

၂၇။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ပြီးသည့်အခါ အောက်ပါ စာတမ်းအမှတ်အသားများကို မှတ်ပုံတင်ရုံးတွင် ထိန်းသိမ်းထားရမည် -

(က) တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ စစ်ဆေးချက်လက်မှတ်၊

(ခ) သင်္ဘောတည်ဆောက်သူ၏ သက်သေခံလက်မှတ်၊

(ဂ) သင်္ဘောအား ရောင်းချခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ရှိပါက ထိုလွှဲပြောင်းသည့်စာချုပ်၊

(ဃ) အရေးယူမှု သို့မဟုတ် ပြစ်ဒဏ်တစ်ရပ်ရပ်ချမှတ်ခြင်း ခံခဲ့ရပါက ထိုအရေးယူမှု သို့မဟုတ် ပြစ်ဒဏ် ချမှတ်ခံရသော စာတမ်းအမှတ်အသားမိတ္တူ။

၂၈။ မှတ်ပုံတင်လက်မှတ်ကို -

(က) သင်္ဘောဖြင့် တရားဝင်ရေကြောင်း သယ်ယူပို့ဆောင်ရေးကိစ္စအတွက်သာ အသုံးပြုရမည်။

(ခ) သင်္ဘောနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ရပိုင်ခွင့် သို့မဟုတ် အဖိုးအခနှင့်စပ်လျဉ်းသည့် အကြောင်းကြောင့် သော်လည်းကောင်း၊ သင်္ဘောပိုင်ရှင်၊ သင်္ဘောအပေါင်ခံသူ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးက တောင်းဆိုသည့် အကျိုးသက်ဆိုင်ခွင့်နှင့် စပ်လျဉ်းသည့် အကြောင်းကြောင့်သော်လည်းကောင်း ထိန်းသိမ်းခြင်းမပြုရ။

၂၉။ ဤဥပဒေအရ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော သင်္ဘောကို သော်လည်းကောင်း၊ ယာယီမှတ်ပုံတင်လက်မှတ် ထုတ်ပေးထားသောသင်္ဘောကိုသော်လည်းကောင်း အဆိုပါ မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းမပြုရသေးလျှင် နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ ဥပဒေအရ ထပ်မံ၍ ထိုသင်္ဘောအား မှတ်ပုံတင်ခြင်းမပြုရ။

၃၀။ (က) သင်္ဘောပိုင်ရှင်သည် မြန်မာသင်္ဘောကို နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ ဥပဒေအရ ထပ်မံ၍ မှတ်ပုံတင်လိုပါက မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ပေးရန် မြန်မာသင်္ဘောမှတ်ပုံတင် လက်မှတ်ကိုပူးတွဲ၍ ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) သင်္ဘောပိုင်ရှင်နှင့် သင်္ဘောစင်းလုံးငှားရမ်းသူတို့သည် မြန်မာသင်္ဘောကို နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ ဥပဒေအရ စင်းလုံးငှားရမ်းခြင်းအတွက် မှတ်ပုံတင်၍ နိုင်ငံခြားရေပြင်နှင့် အပြည်ပြည်ဆိုင်ရာရေပြင်တို့တွင် အသုံးပြုလိုလျှင် မှတ်ပုံတင်လက်မှတ်ကို ရပ်ဆိုင်းထားရန် သို့မဟုတ် ပယ်ဖျက်ပေးရန်သော်လည်းကောင်း၊ ဦးစီးဌာန၏ သဘောတူညီချက် သို့မဟုတ် ထောက်ခံချက်ထုတ်ပေးရန်သော်လည်းကောင်း မှတ်ပုံတင်လက်မှတ်ကို ပူးတွဲ၍ ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ လျှောက်ထားချက်ကို စိစစ်ပြီး မှတ်ပုံတင် လက်မှတ်ကို သတ်မှတ်ချက်များနှင့်အညီ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သော်လည်းကောင်း၊ သဘောတူညီချက် သို့မဟုတ် ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်း သော်လည်းကောင်း ပြုနိုင်သည်။

၃၁။ (က) သင်္ဘောပိုင်ရှင်သည် မှတ်ပုံတင်လက်မှတ်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက်၍ မှတ်ပုံတင်လိုလျှင် မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးသုံးလကြိုတင်၍ မှတ်ပုံတင် သက်တမ်းတိုးမြှင့်ပေးရန် ဦးစီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုအပ်သော တိုင်းတာစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ညီညွတ်ပါက စည်းကမ်းချက်များသတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ကို သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ဦးစီးဌာနက မှတ်ပုံတင်သက်တမ်း တိုးမြှင့်ခွင့်ပြုပါက မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခပေးသွင်းစေပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ သက်တမ်းတိုးမြှင့်ပေးသည့် မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၂။ မည်သည့် ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းမဆို သင်္ဘောမှတ်ပုံတင်စာရင်းကို သတ်မှတ်ထားသော အခကြေးငွေပေးသွင်းပြီး စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းပြုနိုင်သည်။

၃၃။ မှတ်ပုံတင်အရာရှိကဖြစ်စေ၊ တိုင်းတာစစ်ဆေးရေးမှူးကဖြစ်စေ၊ စစ်ဆေးရေးအရာရှိကဖြစ်စေ၊ ဦးစီးဌာန၏ အခွင့်ရအရာရှိတစ်ဦးဦးကဖြစ်စေ လိုအပ်ချက်အရ တောင်းခံသည့်အခါ ရေယာဉ်မှူး သို့မဟုတ် အခြား ပုဂ္ဂိုလ်တစ်ဦးဦးသည် မှတ်ပုံတင်လက်မှတ်ကို တင်ပြရမည်။

၃၄။ (က) သင်္ဘောပိုင်ရှင်သည် သင်္ဘောနှင့်စပ်လျဉ်း၍ ပေးလျော်ရန်တောင်းဆိုမှု သို့မဟုတ် တရားစွဲဆိုမှု မရှိပါက မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်အခါဖြစ်စေ၊ မှတ်ပုံတင်သက်တမ်းကာလအတွင်းဖြစ်စေ နိုင်ငံခြားသင်္ဘောအဖြစ် မှတ်ပုံတင်လိုလျှင် နိုင်ငံခြားမှတ်ပုံတင်အဖြစ်သို့ ပြောင်းလဲ၍ မှတ်ပုံတင်လိုသည့် အကြောင်းပြချက်နှင့်အတူ ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ဦးစီးဌာနသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လျှောက်ထားသည့် သင်္ဘောနှင့် စပ်လျဉ်း၍ ပေးလျော်ရန်တောင်းဆိုမှု သို့မဟုတ် တရားစွဲဆိုမှုမရှိသည့်အပြင် သင့်လျော်သည်ဟု ထင်မြင်ပါက လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။ ထိုသို့ ခွင့်ပြုပါက မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်။

၃၅။ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် မြန်မာသင်္ဘောများ မှတ်ပုံတင်အက်ဥပဒေ (The Myanmar Registration of Ships Act) အရ မှတ်ပုံတင်ထားသည့် သင်္ဘော၏သင်္ဘောပိုင်ရှင်သည် ထိုသင်္ဘောကို ဤဥပဒေအာဏာတည်ပြီးနောက် တစ်နှစ်အတွင်း သတ်မှတ်ချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်။ ထိုကာလအတွင်း ပြန်လည်မှတ်ပုံတင်ခြင်းမပြုပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၉)

## မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းနှင့် ပြောင်းလဲခြင်း

၃၆။ (က) ရေယာဉ်မှူး သို့မဟုတ် သင်္ဘောပိုင်ရှင်သည် အကြောင်းတစ်ခုခုကြောင့် မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်သည့်အခါ မူရင်းခွဲမိတ္တူထုတ်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ထားသော မိတ္တူကူးခပေးသွင်းစေပြီး မူရင်းခွဲမိတ္တူကို လျှောက်ထားသူအား ထုတ်ပေးနိုင်သည်။

၃၇။ သင်္ဘောပိုင်ရှင်သည် မြန်မာသင်္ဘောနှင့် စပ်လျဉ်း၍ -

(က) နေရပ်လိပ်စာနှင့် အခြားအချက်အလက်များပြောင်းလဲသည့်အခါ ပြောင်းလဲသည့်နေ့မှ ၁၀ ရက်အတွင်း ထိုပြောင်းလဲချက်ကို မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။

(ခ) သင်္ဘော၏အမည် ပြောင်းလဲလိုလျှင်သော်လည်းကောင်း၊ သင်္ဘောငယ်မှတ်စပါး သင်္ဘော၏ မူလတည်ဆောက်ထားသည့် ဒီဇိုင်းပုံစံ၊ မှတ်ပုံတင်အတိုင်းအတာ ပမာဏ၊ ပင်မစက်များ၊ လုံးပေါင်းတန်ချိန်နှင့် ပိုင်ဆိုင်မှုအစုရှယ်ယာတို့ကို ပြောင်းလဲပြင်ဆင်လိုလျှင်သော်လည်းကောင်း ဦးစီးဌာန၏ စစ်ဆေးချက်နှင့် ခွင့်ပြုချက်ရရှိမှသာ ပြောင်းလဲရမည်။ ထိုပြောင်းလဲချက်ကိုလည်း ပြောင်းလဲပြီးသည့်နေ့မှ ၁၀ ရက်အတွင်း မှတ်ပုံတင်အရာရှိထံ အကြောင်းကြားရမည်။

(ဂ) နိုင်ငံတော်အတွင်း မှတ်ပုံတင်ဆိပ်ကမ်းတစ်ခုမှ အခြားတစ်ခုသို့ ပြောင်းလဲမှတ်ပုံတင်လိုလျှင် မှတ်ပုံတင်လက်မှတ်နှင့်အတူ ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားပြီး ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲမှတ်ပုံတင်ရမည်။

## အခန်း (၁၀)

## မှတ်ပုံတင်လက်မှတ် ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်းနှင့် ပယ်ဖျက်ခြင်း

၃၈။ မှတ်ပုံတင်အရာရှိသည် -

(က) ဦးစီးဌာန၏ အတည်ပြုချက်ဖြင့် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသော သင်္ဘောနှင့် စပ်လျဉ်း၍ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို ကာလ သတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည် -

(၁) နိုင်ငံတော်၏ အကျိုးစီးပွား သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ရေကြောင်းနှင့်သင်္ဘောလုပ်ငန်းကို ထိခိုက်စေခြင်း၊

(၂) သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးက ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်သဖြင့် ပြစ်ဒဏ်တစ်ခုခုကို ချမှတ်ခံရခြင်း၊

(၃) သင်္ဘောပိုင်ရှင်က ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ခြင်း၊

(၄) ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် မှတ်ပုံတင်အရာရှိ သို့မဟုတ် တိုင်းတာစစ်ဆေးရေးမှူး သို့မဟုတ် စစ်ဆေးရေးအရာရှိ၏ အမိန့်နှင့်ညွှန်ကြားချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ လာရောက်ရန် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို တင်ပြရန် ဆင့်ဆိုခြင်းကိုသော်လည်းကောင်း လိုက်နာမှုမရှိခြင်း၊

(၅) ဤဥပဒေပါ ပေးဆောင်ရန်ရှိသော အခကြေးငွေများကို နှစ်နှစ်ထက်ပို၍ ပျက်ကွက်ခြင်း၊

(၆) မှတ်ပုံတင်သက်တမ်းကုန်ဆုံးပြီးနောက် ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ သတ်မှတ်သည့် ကာလအတွင်း သက်တမ်းတိုးမြှင့်မှုမရှိခြင်း၊

(၇) သင်္ဘောပိုင်ရှင်က မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုရန် လျှောက်ထားခြင်း၊

(၈) သင်္ဘောပျောက်ဆုံးခြင်း၊ အကြောင်းတစ်ခုခုကြောင့် လုံးဝပျက်စီးခြင်း၊ ဆယ်တင်၍မရနိုင်သည့် သင်္ဘောသောင်တင်ခြင်း သို့မဟုတ် သင်္ဘောနစ်မြုပ်ခြင်း၊

(၉) သတ်မှတ်ထားသော မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ရန် လိုအပ်သည့်အရည်အချင်း တစ်ရပ်ရပ် ပျက်ယွင်းလာသည့်အတွက် ဆက်လက်၍ မှတ်ပုံတင်ထားရန် မသင့်ခြင်း၊

(၁၀) ပုဒ်မ ၃၇ အရ ပြန်လည်မှတ်ပုံတင်ရမည့်တာဝန်ကို ပျက်ကွက်ခြင်း၊

(၁၁) ပုဒ်မ ၇၀ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာမှုမရှိခြင်း။

(ခ) ပုဒ်မခွဲ (က) အရ မှတ်ပုံတင်လက်မှတ်နှင့် ယာယီမှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုကြောင်း သက်ဆိုင်ရာသင်္ဘောပိုင်ရှင်နှင့် သင်္ဘောအပေါင်ခံသူ (ရှိလျှင်) ထံ အကြောင်းကြားရမည်။ သို့ရာတွင် ထိုသက်တမ်းအတွင်း အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပါက ထိုမှတ်ပုံတင်လက်မှတ်သက်တမ်းသည် ကုန်ဆုံးပြီး ရပ်စဲစေရမည် -

(၁) စင်းလုံးငှားရမ်းသည့် သင်္ဘော၏ မှတ်ပုံတင်လက်မှတ်ကို ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(၂) သင်္ဘောစင်းလုံးငှားရမ်းခြင်း စာချုပ်အရ ငှားရမ်းသည့်ကာလ ကုန်ဆုံးခြင်း၊ ငှားရမ်းမှု ရပ်စဲခြင်း သို့မဟုတ် ထိုစာချုပ်ရပ်စဲခြင်း။

၃၉။ သင်္ဘောပိုင်ရှင်သည် ပုဒ်မ ၃၈ အရ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ကြောင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်ခြင်းခံရသော မှတ်ပုံတင်လက်မှတ်ကို ဦးစီးဌာနသို့ ပယ်ဖျက်ကြောင်း အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ၁၀ ရက်အတွင်း သို့မဟုတ် သင်္ဘောမှာ ပြည်ပတွင် ရောက်ရှိနေလျှင် မြန်မာမှတ်ပုံတင်ဆိပ်ကမ်းတစ်ခုခုသို့ ဆိုက်ရောက်ပြီး ၁၀ ရက်အတွင်း ပြန်လည် အပ်နှံရမည်။

## အခန်း (၁၁)
## သင်္ဘောပိုင်ဆိုင်မှု လွှဲပြောင်းခြင်း

၄၀။ သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာကိုဖြစ်စေ လွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ -

(က) လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းခြင်းကို လက်ခံသူတို့သည် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စာချုပ်ကို ချုပ်ဆိုရမည်။ ထို့ပြင် လွှဲပြောင်းခြင်းကို လက်ခံသူက ထိုသက်ဆိုင်ရာစာချုပ်ကို ချုပ်ဆိုပြီး ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) သင်္ဘောပိုင်ရှင် သို့မဟုတ် သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာရှင် ကွယ်လွန်သည့်အခါဖြစ်စေ၊ သက်ဆိုင်ရာတရားရုံး၏ အမိန့်၊ ဒီကရီအရ လူမွဲအဖြစ် ခံယူသည့်အခါဖြစ်စေ တရားဝင်အမွေ ဆက်ခံသူ သို့မဟုတ် အကျိုးသက်ဆိုင်သူက သင်္ဘော၏ပိုင်ရှင်ဖြစ်ကြောင်း ကြေညာချက်ကို သက်ဆိုင်ရာတရားရုံးတွင် ရယူပြီး ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) သင်္ဘောပိုင်ဆိုင်မှုနှင့် အစုရှယ်ယာလွှဲပြောင်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ဦးစီးဌာနသို့ ရက်ပေါင်း ၃၀ အတွင်း တင်ပြရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့အရ တင်ပြသည့် အထောက်အထား စာတမ်းအမှတ်အသားများကို စိစစ်ပြီး သင်္ဘောပိုင်ရှင် သို့မဟုတ် သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာ လွှဲပြောင်းခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး ထိုသို့ လွှဲပြောင်းကြောင်း ထောက်ခံချက် သက်သေခံလက်မှတ်ထုတ်ပေးရမည်။

၄၁။ (က) မြန်မာ သင်္ဘောပိုင်ရှင်သည် ချေးငွေအတွက် မှတ်ပုံတင်ထားသော သင်္ဘောကိုဖြစ်စေ၊ ထိုသင်္ဘော၏ ပိုင်ဆိုင်မှုအစုရှယ်ယာကိုဖြစ်စေ အာမခံထား၍ ပေါင်နှံနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ပေါင်နှံရာတွင်ဖြစ်စေ၊ ထပ်မံ၍ပေါင်နှံသည့်အခါတွင်ဖြစ်စေ ပေါင်နှံသူနှင့် အပေါင်ခံသူတို့သည် သတ်မှတ်ချက်များနှင့်အညီ အပေါင်စာချုပ်ကို ချုပ်ဆိုရမည်။ ပေါင်နှံသူသည် အပေါင်စာချုပ်ကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံမတင်မီ အပေါင်ခံသူကို ကြိုတင်အကြောင်းကြားရမည်။ ထို့ပြင် အပေါင်စာချုပ်ကို ချုပ်ဆိုပြီး ရက်ပေါင်း ၃၀ အတွင်း ပေါင်နှံသူနှင့် အပေါင်ခံသူတို့က မှတ်ပုံတင်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ) အရ တင်ပြသည့် အထောက်အထား စာတမ်းအမှတ်အသား များကို စိစစ်ပြီး သင်္ဘောပေါင်နှံခြင်းကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ပြီး ထိုသို့ ပေါင်နှံကြောင်း ထောက်ခံချက် သက်သေခံလက်မှတ် ထုတ်ပေးရမည်။

(ဃ) အပေါင်ချေးငွေကို အပြေအကျေ ပြန်လည်ပေးဆပ်ပြီးသည့်အခါ ပေါင်နှံသူနှင့် အပေါင်ခံသူ တို့သည် ထိုသို့ ပေးဆပ်ပြီးကြောင်း မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဃ) အရ အပေါင်ချေးငွေကို ပေးဆပ်ပြီးကြောင်း တင်ပြချက်ကို မှတ်ပုံတင်စာရင်းတွင် မှတ်တမ်းတင်ထားရှိပြီး ထိုသို့ အပေါင်ချေးငွေပေးဆပ်ပြီးကြောင်း ထောက်ခံချက် သက်သေခံလက်မှတ်ထုတ်ပေးရမည်။

၄၂။ (က) အပေါင်ခံသူသည် ပေါင်နှံခြင်းကို အကြောင်းပြု၍ မှတ်ပုံတင်စာချုပ်ဖြင့် အပေါင်ထားသည့် သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာကိုဖြစ်စေ မည်သည့်နည်းနှင့်မျှ ပိုင်ဆိုင်ခွင့် မရှိစေရ။

(ခ) အပေါင်ခံသူသည် မှတ်ပုံတင်စာချုပ်ဖြင့် အပေါင်ထားသည့် သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာကိုဖြစ်စေ -

(၁) ပေါင်နှံသူ၏ သဘောတူညီချက်ဖြင့် အခြားသူတစ်ဦးဦးအား လွှဲပြောင်းပေါင်နှံနိုင်သည်။

(၂) အပေါင်ပစ္စည်းကိုရွေးနုတ်ရန် အချိန်စေ့ရောက်သော်လည်း ပေါင်နှံသူက ရွေးနုတ်ခြင်း မပြုသဖြင့် အပေါင်ရွေးနုတ်ခွင့်ပိတ်ပင်သည့်အခါ ချေးငွေနှင့်ရပိုင်ခွင့်ရှိသော အတိုးများ ပြန်လည်ရရှိရေးအတွက် အပေါင်ပစ္စည်းကို ရောင်းချနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) အရ လွှဲပြောင်းပေါင်နှံသည့်အခါ ပေါင်နှံသူနှင့် လွှဲပြောင်းအပေါင်ခံသူတို့က လွှဲပြောင်းပေါင်နှံခြင်းအတွက် မှတ်ပုံတင်ပေးရန်သော်လည်းကောင်း၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) အရ အပေါင်ပစ္စည်းကို ရောင်းချသည့်အခါ ရောင်းချသူနှင့် ဝယ်ယူသူတို့က ရောင်းချခြင်းအတွက် မှတ်တမ်းတင်ပေးရန်သော်လည်းကောင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဂ) အရ တင်ပြချက်ကို စိစစ်ပြီး လွှဲပြောင်းပေါင်နှံခြင်းကို မှတ်ပုံတင်ခြင်း သို့မဟုတ် ရောင်းချခြင်းကို မှတ်တမ်းတင်ခြင်းပြုရမည်။

(င) မှတ်ပုံတင်အပေါင်စာချုပ်ဖြင့် အပေါင်ထားသည့်သင်္ဘော သို့မဟုတ် သင်္ဘော၏ပိုင်ဆိုင်မှု အစုရှယ်ယာတစ်ခုတည်းအပေါ် အပေါင်ခံသူ၏ အခွင့်အရေးနှင့်စပ်လျဉ်း၍ ဦးစွာ အပေါင်ခံသူသည် နောက်ကျသောအပေါင်ခံသူထက် ဦးစားပေးရပိုင်ခွင့်ရှိသည်။

(စ) ပေါင်နှံသူက တရားရုံး၏ အမိန့်၊ ဒီကရီအရ လူမွဲအဖြစ် မှတ်ယူခြင်းခံရသည့်အခါ အခြား တည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ မှတ်ပုံတင်စာချုပ်ဖြင့် အပေါင်ထားသည့် သင်္ဘော သို့မဟုတ် သင်္ဘော၏ပိုင်ဆိုင်မှု အစုရှယ်ယာတွင် အပေါင်ခံသူ၏ အခွင့်အရေးကို ထိခိုက်ခြင်းမရှိစေရ။

(ဆ) ပုဒ်မ ၃၈ အရ မှတ်ပုံတင်လက်မှတ်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသော်လည်း အပေါင်ချေးငွေကို အပြေအကျေ ပြန်လည်ပေးဆပ်ပြီးခြင်းမရှိသေးလျှင် ပေါင်နှံခြင်းနှင့် စပ်လျဉ်း၍ ပေါင်နှံသူနှင့် အပေါင်ခံသူတို့၏ အခွင့်အရေးနှင့်တာဝန်များကို မထိခိုက်စေရ။

၄၃။ ပုဒ်မ ၁၀ အရ မှတ်ပုံတင်ထားသော စင်းလုံးငှားရမ်းသည့် သင်္ဘောသည် ပုဒ်မ ၄၀၊ ပုဒ်မ ၄၁ နှင့် ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အခန်း (၁၂)
## ရေယာဉ်မျိုး ပြောင်းလဲခြင်း

၄၄။ (က) မြန်မာသင်္ဘော၏ ရေယာဉ်မျိုးပြောင်းလဲသည့်အခါ တရားရုံးတရားသူကြီး၏ အမိန့်နှင့် စီရင်ချက်အရ ပြောင်းလဲခြင်းဖြစ်ပါက သက်ဆိုင်ရာ တရားသူကြီးကလည်းကောင်း၊ အခြား အကြောင်းတစ်ရပ်ရပ်ကြောင့် နိုင်ငံတော်တွင်ဖြစ်ပါက မှတ်ပုံတင်အရာရှိ သို့မဟုတ် ဦးစီးဌာန၏ အခွင့်ရအရာရှိကလည်းကောင်း၊ ပြည်ပတွင်ဖြစ်ပါက နိုင်ငံတော်၏ ကောင်စစ်ဝန် သို့မဟုတ် ဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသူကလည်းကောင်း ထိုသို့ ရေယာဉ်မျိုး ပြောင်းလဲကြောင်းနှင့် အသစ်ခန့်ထားသည့် ရေယာဉ်မှူး မည်သူဖြစ်ကြောင်း ထောက်ခံချက် သက်သေခံလက်မှတ် ထုတ်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) အရ ထောက်ခံချက်တွင် ရေယာဉ်မှူးအသစ်အဖြစ် အမည်ပါရှိသူကသာလျှင် ထိုမြန်မာသင်္ဘောတွင် ရေယာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရှိစေရမည်။

## အခန်း (၁၃)
## အလံလွှင့်ထူခြင်း

၄၅။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသည့် သင်္ဘောသည် -

(က) နိုင်ငံတော်အလံကို လွှင့်ထူခွင့်ရှိပြီး အောက်ဖော်ပြပါနေရာနှင့် အချိန်အခါတို့တွင် လွှင့်ထူထားရမည် -

(၁) မြန်မာ့ဆိပ်ကမ်းတစ်ခုခုတွင် ဆိုက်ကပ်ထားစဉ် နေထွက်မှ နေဝင်သည့်အချိန်အတွင်း၊

(၂) မြန်မာစစ်သင်္ဘော သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏ စစ်သင်္ဘောနှင့် ဖြတ်သန်းသွားစဉ်၊

(၃) မြန်မာ့ဆိပ်ကမ်း သို့မဟုတ် ပြည်ပဆိပ်ကမ်းသို့ ဝင်လာစဉ် သို့မဟုတ် ထိုဆိပ်ကမ်းမှ ထွက်ခွာစဉ်၊

(၄) မြန်မာ့စစ်သင်္ဘော သို့မဟုတ် မြန်မာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ သင်္ဘောက အချက်ပေး ညွှန်ကြားလာသည့်အခါ။

(ခ) အရောင်အဆင်းမရှိသော သို့မဟုတ် စုတ်ပြဲနေသော နိုင်ငံတော်အလံကို လွှင့်ထူခြင်းမပြုရ။

(ဂ) ပြည်ပနိုင်ငံတစ်ခုခု၏ အလံကို မှတ်ပုံတင်အမှတ်အသားအလံအဖြစ် လွှင့်ထူခြင်းမပြုရ။

၄၆။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော စင်းလုံးငှားရမ်းသည့် သင်္ဘောသည် နိုင်ငံတော်အလံကို ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွှင့်ထူရမည်။

၄၇။ ပြည်ပနိုင်ငံတစ်ခုခု၌ မှတ်ပုံတင်ထားသော နိုင်ငံခြားသင်္ဘောသည် မြန်မာ့ရေပြင်နှင့် မြန်မာ့ဆိပ်ကမ်းတစ်ခုခုတို့တွင် -

(က) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်သော စင်းလုံးငှားရမ်းသည့် သင်္ဘောမှတစ်ပါး -

(၁) မှတ်ပုံတင်ထားသော နိုင်ငံ၏အလံကိုသာ လွှင့်ထူထားရမည်။

(၂) နိုင်ငံတော်၏ ရေပြင်နှင့် ဆိပ်ကမ်းတစ်ခုခုသို့ ဝင်ရောက်ဆိုက်ကပ်စဉ် နိုင်ငံတော်ကို ဂုဏ်ပြုသည့်အနေဖြင့် နိုင်ငံတော်အလံကို လွှင့်ထူနိုင်သည်။

(၃) နိုင်ငံတော်အလံကို မှတ်ပုံတင်အမှတ်အသားအလံအဖြစ် လွှင့်ထူခြင်းမပြုရ။

(ခ) အရောင်အဆင်းမရှိသော သို့မဟုတ် စုတ်ပြဲနေသောအလံကို လွှင့်ထူခြင်းမပြုရ။

၄၈။ ဤဥပဒေအရ မှတ်ပုံတင်ရန် ကင်းလွတ်ခွင့်ပြုထားသော မြန်မာသင်္ဘောများက မြန်မာ့ရေပြင်တွင် နိုင်ငံတော်အလံကို လွှင့်ထူခွင့်ရှိသည်။

## အခန်း (၁၄)
## မှတ်ပုံတင်သည့်သင်္ဘောနှင့် စပ်လျဉ်း၍ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များ

၄၉။ ဤဥပဒေ၏ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ တို့အရ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်သော မည်သည့်သင်္ဘောမဆို အောက်ပါအခွင့်အရေးနှင့် သက်သာခွင့်များ ရရှိစေရမည် -

(က) မှတ်ပုံတင်ထားသည့် မြန်မာသင်္ဘောကို ပိုင်ဆိုင်သူ သို့မဟုတ် အစုရှယ်ယာပိုင်ဆိုင်သူ နိုင်ငံခြားသားသည် မှတ်ပုံတင်သက်တမ်းကာလအတွင်း နိုင်ငံတော်တွင် သတ်မှတ်ချက်များနှင့်အညီ နေထိုင်ခွင့်၊

(ခ) မှတ်ပုံတင်ထားသည့် သင်္ဘောလွှဲပြောင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ သင်္ဘောလုပ်ငန်းနှင့် စပ်လျဉ်း၍ဖြစ်စေ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားကုမ္ပဏီက နိုင်ငံခြားသုံးငွေကို သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသို့ ပြန်လည်လွှဲပြောင်းခွင့်။

၅၀။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော သင်္ဘောနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသည် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါကိစ္စတစ်ရပ်ရပ်အတွက် အခွန်များကို သတ်မှတ်ထားသော သင်္ဘောတစ်စီး သို့မဟုတ် တစ်စီးထက်ပိုသော သင်္ဘောများ၏ လုံးပေါင်းတန်ချိန်အပေါ် မူတည်၍ ရာခိုင်နှုန်းပြည့် ကင်းလွတ်ခွင့် သို့မဟုတ် သတ်မှတ်ထားသော ရာခိုင်နှုန်းဖြင့် လျှော့ပေါ့သက်သာခွင့် ပြုနိုင်သည် -

(က) မှတ်ပုံတင်ရန် ပြည်တွင်းသို့ တင်သွင်းလာသည့် သင်္ဘောတွင် တပ်ဆင်သည့် ပစ္စည်းကိရိယာများအတွက် ထိုက်သင့်သော အကောက်ခွန်၊

(ခ) သင်္ဘောလုပ်ငန်းနှင့် စပ်လျဉ်းသည့် ဝင်ငွေခွန်၊ အကောက်ခွန်နှင့် ဆိပ်ကမ်းခွန်၊

(ဂ) သင်္ဘောကိုဖြစ်စေ၊ သင်္ဘောပိုင်ဆိုင်မှုအစုရှယ်ယာကိုဖြစ်စေ လွှဲပြောင်းရောင်းချခြင်း၊ အစုရှယ်ယာခွဲဝေခြင်း၊ အကျိုးအမြတ်ခွဲဝေခြင်း၊ အလုပ်အပ်နှံခြင်းစာချုပ် သို့မဟုတ် ပေါင်နှံခြင်း သို့မဟုတ် ခံဝန်ချုပ်ချုပ်ဆိုသည့် စာချုပ်တွင် ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်၊

(ဃ) ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်သော အခြားအခွန်အခ။

၅၁။ ဝန်ကြီးဌာနသည် ဤဥပဒေပါ ပုဒ်မ ၁၀၊ **ပုဒ်မ ၁၁** နှင့် ပုဒ်မ ၁၂ တို့အရ မှတ်ပုံတင်ထားပြီး မှတ်ပုံတင်သက်တမ်း ၁၅ နှစ် နှင့်အထက်ရှိသော သင်္ဘောများနှင့် စပ်လျဉ်း၍ ပြစ်မှုကျူးလွန်ဖောက်ဖျက်ခြင်း၊ တားမြစ်ချက်ကိုဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရမည့် တာဝန်ကိုထမ်းဆောင်ရန် ပျက်ကွက်ခြင်းကြောင့် မှတ်ပုံတင်လက်မှတ်ကို ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံခဲ့ရခြင်းမရှိလျှင် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၅၀ ၌ ပါရှိသော အခွန်များကို ရာခိုင်နှုန်းပြည့် ကင်းလွတ်ခွင့် ပြုနိုင်သည်။

## အခန်း (၁၅)
## အယူခံခြင်း

၅၂။ ဤဥပဒေအရ မှတ်ပုံတင်ရန်လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ဦးစီးဌာန သို့မဟုတ် မှတ်ပုံတင်အရာရှိက ခွင့်မပြုဘဲ ငြင်းပယ်ခြင်းပြုသည့် အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ခုခုကိုသော်လည်းကောင်း၊ ထုတ်ပေးထားသော ယာယီမှတ်ပုံတင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို **ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊ ရပ်စဲခြင်းနှင့်** ပယ်ဖျက်ခြင်းပြုသည့် အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ခုခုကိုသော်လည်းကောင်း၊ ဤဥပဒေအရ တာဝန်ပေးထားသည့် အရာရှိတစ်ဦးဦးက သင်္ဘောအား ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် နိုင်ငံတော်၏ ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုသည့် အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ခုခုကိုသော်လည်းကောင်း ကျေနပ်မှုမရှိသူသည် ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၃။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၂ အရ အယူခံခြင်းအပေါ် စိစစ်ပြီး ဦးစီးဌာန သို့မဟုတ် မှတ်ပုံတင်အရာရှိက ဖြစ်စေ၊ ဤဥပဒေအရ တာဝန်ပေးထားသည့် အရာရှိတစ်ဦးဦးကဖြစ်စေ ချမှတ်သည့် အမိန့်နှင့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အခြားအမိန့်နှင့် ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ခြင်း ပြုနိုင်သည်။ **ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။**

## အခန်း (၁၆)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၅၄။ (က) မည်သည့် ပြည်တွင်းရေကြောင်းသွား သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည်

အနည်းဆုံး ကျပ် သုံးသိန်းမှ အများဆုံး ကျပ် ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ အနည်းဆုံး သုံးလမှ အများဆုံး တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

(၁) ဤဥပဒေအရ မှတ်ပုံတင်ရန် တာဝန်ရှိသည့် ပြည်တွင်းရေကြောင်းသွား သင်္ဘောကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(၂) ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ပြည်တွင်းရေကြောင်းသွားသင်္ဘောအဖြစ် မမှန်မကန် လိမ်လည်ပြုလုပ်ထားသော မှတ်ပုံတင်လက်မှတ်ကို အသုံးပြုခြင်း၊ တရားဝင်ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်အား ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် လိမ်လည် အတုပြုလုပ်ခြင်း။

(ခ) မည်သည့် မြန်မာ့ကမ်းရိုးတန်းသွား သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် အနည်းဆုံး ကျပ်ငါးသိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်း ခံရမည် -

(၁) ဤဥပဒေအရ မှတ်ပုံတင်ရန် တာဝန်ရှိသည့် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(၂) ဤဥပဒေအရ မှတ်ပုံတင်ထားသည့် မြန်မာ့ကမ်းရိုးတန်းသွားသင်္ဘောအဖြစ် မမှန်မကန် လိမ်လည်ပြုလုပ်ထားသော မှတ်ပုံတင်လက်မှတ်ကို အသုံးပြုခြင်း၊ တရားဝင်ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်အား ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် လိမ်လည် အတုပြုလုပ်ခြင်း။

၅၅။ မည်သည့် နိုင်ငံခြားပင်လယ်ရေကြောင်းသွား သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -

(က) ဤဥပဒေအရ မှတ်ပုံတင်ရန် တာဝန်ရှိသည့် နိုင်ငံခြားပင်လယ်ရေကြောင်းသွားသင်္ဘောကို မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း၊

(ခ) မြန်မာသင်္ဘောအဖြစ်ဖြစ်စေ၊ နိုင်ငံခြားသင်္ဘောအဖြစ်ဖြစ်စေ မှတ်ပုံတင်ထားခြင်းမရှိဘဲ မြန်မာ့ ရေပြင်တွင်သွားလာခြင်း သို့မဟုတ် အသုံးပြုခြင်း၊

(ဂ) ဤဥပဒေအရ မှတ်ပုံတင်ထားသည့် နိုင်ငံခြားပင်လယ်ရေကြောင်းသွားသင်္ဘောအဖြစ် မမှန်မကန် လိမ်လည်ပြုလုပ်ထားသော မှတ်ပုံတင်လက်မှတ်ကို အသုံးပြုခြင်း၊ တရားဝင်ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်အား ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် လိမ်လည်အတု ပြုလုပ်ခြင်း။

၅၆။ သင်္ဘော သို့မဟုတ် သင်္ဘောပိုင်ဆိုင်မှု အစုရှယ်ယာနှင့် စပ်လျဉ်း၍ အောက်ပါ ဖောက်ဖျက်မှု တစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

(က) မည်သည့် လွှဲပြောင်းပေးသူနှင့် လွှဲပြောင်းခြင်းကို လက်ခံသူတို့ကမဆို ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဂ) တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု၊

(ခ) မည်သည့် ပေါင်နှံသူနှင့် အပေါင်ခံသူတို့ကမဆို ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) နှင့် (ဃ) သို့မဟုတ် ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်မှု။

၅၇။ စစ်မက်ဖြစ်ပွားနေသောကာလအတွင်း ရန်သူ၏စစ်သင်္ဘော သို့မဟုတ် ရန်သူ၏ ဖမ်းဆီးခံရခြင်းမှ လွတ်မြောက်ရန်အလို့ငှာ ပြုမူသည်မှအပ မည်သည့်ရေယာဉ်မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

(က) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော သင်္ဘောက ပုဒ်မ ၄၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ နိုင်ငံတော်အလံကို လွှင့်ထူမှုမပြုခြင်း၊ ထိုအလံကို ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏ အလံကို လွှင့်ထူခြင်း၊

(ခ) မှတ်ပုံတင်ထားသော စင်းလုံးငှားရမ်းသည့် သင်္ဘောက ပုဒ်မ ၄၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ နိုင်ငံတော်အလံကို လွှင့်ထူမှုမပြုခြင်း၊ ထိုအလံကို ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း သို့မဟုတ် ပြည်ပနိုင်ငံတစ်ခုခု၏ အလံကို လွှင့်ထူခြင်း၊

(ဂ) မြန်မာသင်္ဘောအဖြစ် ဤဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ နိုင်ငံတော်အလံကို သင်္ဘောတွင် လွှင့်ထူထားခြင်း။

၅၈။ မည်သည့်သင်္ဘောပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

(က) မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်များအား ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ဖုံးကွယ်ခြင်း၊ ဖယ်ရှားခြင်း၊ ဖျက်ခြင်း သို့မဟုတ် ဖျောက်ဖျက်ခြင်း၊

(ခ) မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ပြီးနောက် ပယ်ဖျက်ခြင်းမပြုရသေးမီ နိုင်ငံခြားတိုင်းပြည် တစ်ခုခု၏ ဥပဒေအရ ထပ်မံ၍မှတ်ပုံတင်ခြင်း၊

(ဂ) သင်္ဘော၏ မူလတည်ဆောက်ထားသည့် ဒီဇိုင်း၊ ပုံစံနှင့် အတိုင်းအတာတို့ကို ပြောင်းလဲသည့်အခါ ပုဒ်မ **၃၇**၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် မညီဘဲ ပြောင်းလဲပြင်ဆင်ခြင်း သို့မဟုတ် ထိုအမှတ်အသားများ မပါရှိဘဲ သင်္ဘောကို အသုံးပြုခြင်း။

၅၉။ မှတ်ပုံတင်လက်မှတ်ကို လက်ဝယ်ထားသည့် မည်သည့်ရေယာဉ်မှူး သို့မဟုတ် အခြားပုဂ္ဂိုလ်မည်သူမဆို အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည် -

(က) ဦးစီးဌာနကဖြစ်စေ၊ မှတ်ပုံတင်အရာရှိကဖြစ်စေ၊ တိုင်းတာစစ်ဆေးရေးမှူးကဖြစ်စေ၊ စစ်ဆေးရေးအရာရှိကဖြစ်စေ၊ ဦးစီးဌာန၏ အခွင့်ရအရာရှိတစ်ဦးဦးကဖြစ်စေ လိုအပ်ချက်အရ မှတ်ပုံတင်လက်မှတ်ကိုတင်ပြရန် တောင်းခံသည့်အခါ ပုဒ်မ ၃၃ ပါ တာဝန်ကို ဖောက်ဖျက်ပြီး တမင်တင်ပြခြင်း မပြုဘဲ ငြင်းဆန်ခြင်း သို့မဟုတ် တိမ်းရှောင်နေခြင်း၊

(ခ) ဦးစီးဌာနကဖြစ်စေ၊ မှတ်ပုံတင်အရာရှိကဖြစ်စေ၊ တိုင်းတာစစ်ဆေးရေးမှူးကဖြစ်စေ၊ စစ်ဆေးရေးအရာရှိကဖြစ်စေ၊ ဦးစီးဌာန၏ အခွင့်ရအရာရှိတစ်ဦးဦးကဖြစ်စေ ဆင့်ဆိုသည့်အတိုင်း သွားရောက်ရန် တမင်ပျက်ကွက်ခြင်း။

၆၀။ မည်သူမဆို မှတ်ပုံတင်ရန် လျှောက်ထားရာတွင် တင်ပြသည့် သက်သေခံအထောက်အထားစာတမ်း အမှတ်အသားများကိုသော်လည်းကောင်း၊ ဦးစီးဌာနကဖြစ်စေ၊ မှတ်ပုံတင်အရာရှိကဖြစ်စေ၊ တိုင်းတာစစ်ဆေးရေးမှူးကဖြစ်စေ၊ စစ်ဆေးရေးအရာရှိကဖြစ်စေ၊ ဦးစီးဌာန၏ အခွင့်ရအရာရှိတစ်ဦးဦးကဖြစ်စေ တောင်းခံ၍ တင်ပြသည့် မှတ်ပုံတင်လက်မှတ် သို့မဟုတ် အခြား စာတမ်းအမှတ်အသားများကိုသော်လည်းကောင်း မမှန်မကန် လိမ်လည်တင်ပြကြောင်း သို့မဟုတ် အသုံးပြုကြောင်း ပြစ်မှုထင်ရှား တွေ့ရှိလျှင် ထိုသူအား ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၁။ **မည်သူမဆို ဦးစီးဌာနမှ ထုတ်ပေးသော တည်ဆောက်ခွင့်ပြုချက်မရှိဘဲ သင်္ဘော တည်ဆောက်လျှင် ထိုသူသည် ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။**

၆၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရမည့်တာဝန်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၇)
## သင်္ဘောအား ဖမ်းဆီးထိန်းသိမ်းခြင်းနှင့် ပြန်လွှတ်ပေးခြင်း

၆၃။ ဦးစီးဌာနသည် အောက်ပါမြန်မာသင်္ဘောတစ်စီးစီးအား ဖမ်းဆီးခြင်း သို့မဟုတ် အာဏာပိုင် အဖွဲ့အစည်းတစ်ခုခု၏ အကူအညီဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းပြုနိုင်သည် -

(က) ပုဒ်မ ၃၃ ပါ တာဝန်ကိုဖောက်ဖျက်ပြီး မှတ်ပုံတင်လက်မှတ်ကိုပြသရန် တမင်ငြင်းဆိုသည့် သို့မဟုတ် ပြသခြင်းမပြုနိုင်ရန် တိမ်းရှောင်နေသည့် သင်္ဘော၊

(ခ) ပုဒ်မ ၅၆ သို့မဟုတ် ပုဒ်မ ၅၈ ပါ ပြစ်မှုကို ကျူးလွန်ပြီး မှတ်ပုံတင်လက်မှတ် မတင်ပြသည့်သင်္ဘော သို့မဟုတ် မမှန်မကန် လိမ်လည်ပြုလုပ်ထားသော မှတ်ပုံတင်လက်မှတ်ကိုအသုံးပြုသည့် သို့မဟုတ် မှတ်ပုံတင်အမှတ်အသားကို အသုံးပြုသည့်သင်္ဘော သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို လိမ်လည် အတုပြုလုပ်ထားသည့်သင်္ဘော သို့မဟုတ် ပုဒ်မ ၅၉ သို့မဟုတ် ပုဒ်မ ၁၅ (ဂ) ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ဖောက်ဖျက်သောသင်္ဘော၊

(ဂ) ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်ဖောက်ဖျက်ပြီး ထွက်ပြေးတိမ်းရှောင်သော သို့မဟုတ် ထွက်ပြေးတိမ်းရှောင်ရန် အားထုတ်သောသင်္ဘော။

၆၄။ ပုဒ်မ ၆၃ အရ ဖမ်းဆီးထားသော သင်္ဘောနှင့် စပ်လျဉ်း၍ -

(က) မည်သည့်အတွက် ထိန်းသိမ်းခြင်းမပြုသင့်ကြောင်း သင်္ဘောပိုင်ရှင်အား ထုချေခွင့်ပေးပြီး ခိုင်လုံသော အကြောင်းမပြနိုင်ပါက ထိန်းသိမ်းထားနိုင်သည်။

(ခ) ခိုင်လုံသော အကြောင်းပြနိုင်ပါက ဖမ်းဆီးထားသောသင်္ဘောကို ပြန်လွှတ်ပေးနိုင်သည်။

(ဂ) ထိန်းသိမ်းထားသည့်သင်္ဘောကို ဤဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်ချက်များပြုလုပ်ပြီး မှတ်ပုံတင် ပြီးသည့်အခါ ပြန်လွှတ်ပေးခြင်းကိုသော်လည်းကောင်း၊ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်သော ဒဏ်ကြေးကိုပေးစေပြီး ပြန်လွှတ်ပေးခြင်းကိုသော်လည်းကောင်း ပြုလုပ်နိုင်သည်။

(ဃ) ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ သင်္ဘောအား ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း ဖြစ်ပါက သင်္ဘောပိုင်ရှင်အား နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးပေးရန် တာဝန်ရှိစေရမည်။

## အခန်း (၁၈)
## အထွေထွေ

၆၅။ ဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကိုဖြစ်စေ၊ သင်္ဘောအမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ သင်္ဘော တစ်စီးစီးကိုဖြစ်စေ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုသော် လည်းကောင်း လိုက်နာဆောင်ရွက်ခြင်း သို့မဟုတ် အကျိုးသက်ရောက်စေခြင်းမှ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကင်းလွတ်ခွင့်ပေးနိုင်သည်။

၆၆။ မှတ်ပုံတင်အရာရှိသည် မြန်မာသင်္ဘောအား စစ်ဆေးရန်လိုအပ်ပါက မြန်မာ့ဆိပ်ကမ်း သို့မဟုတ် စစ်ဆေးရန်သင့်လျော်သည့် ဆိပ်ကမ်းတစ်ခုခုသို့ သတ်မှတ်ပေးသောရက်အတွင်း ဆိုက်ရောက်စေရန် ဆင့်ဆိုနိုင်သည်။

၆၇။ ဤဥပဒေအရ ပြစ်မှုကျူးလွန်၍ တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရသော နိုင်ငံခြားသားက ပေးဆောင်ရမည့် ဒဏ်ငွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားသုံးငွေလဲလှယ်နှုန်းအတိုင်း ပေးဆောင်ရမည်။

၆၈။ ဤဥပဒေအရ သင်္ဘောကိုမှတ်ပုံတင်ခြင်း သို့မဟုတ် ယာယီမှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံခြားသားကဖြစ်စေ၊ နိုင်ငံခြားကုမ္ပဏီကဖြစ်စေ အကျိုးတူဖက်စပ်လုပ်ကိုင်သော မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသားတို့က ပေးဆောင်ရန်ရှိသော မှတ်ပုံတင်ခနှင့် အခြားအခကြေးငွေများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ထားသော ပြည်တွင်းသုံးငွေနှင့် နိုင်ငံခြားသုံးငွေတို့၏ လဲလှယ်နှုန်းအတိုင်း ပေးဆောင်ရမည်။

၆၉။ မြန်မာသင်္ဘောအဖြစ် မှတ်ပုံတင်ထားသော သင်္ဘော၏ပိုင်ရှင် သို့မဟုတ် ထိုသင်္ဘောကို အပေါင်ခံသူသည် လူမွဲစာခံခြင်း ဥပဒေအရလူမွဲစာရင်းဝင်ဖြစ်သွားပြီး ပစ္စည်းထိန်းအရာရှိသို့ ထိုသူ ပိုင်ဆိုင်သည့် ပစ္စည်းများကို လွှဲအပ်ပေးရသည့်အခါ ထိုပစ္စည်းထိန်းအရာရှိသည် သင်္ဘော၏ပိုင်ရှင် သို့မဟုတ် အပေါင်ခံသူအဖြစ် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပြီး ဆောင်ရွက်ရမည်။

၇၀။ ဤဥပဒေအရ မှတ်ပုံတင်သည့် ပင်လယ်ရေကြောင်းသွား မြန်မာသင်္ဘောတွင် မြန်မာနိုင်ငံသား သင်္ဘောသားများကိုသာ ခန့်ထားရမည်ဖြစ်ပြီး ကျွမ်းကျင်မှုလက်မှတ်ကိုင်ဆောင်သည့် မြန်မာသင်္ဘောသား မရရှိနိုင်မှသာ နိုင်ငံခြားသားသင်္ဘောသားကို ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ဖြင့် ခန့်ထားရမည်။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် -

(က) ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ဦးစီးဌာနသည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

၇၂။ The Myanmar Registration of Ships Act, 1841 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်

( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

## နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၈ ။ )

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို **နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။　နိုင်ငံတော်ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၀။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုလွှတ်တော်ရုံး
## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၆)

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

### ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ** (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၉ ။ )

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်
( ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။　ဤဥပဒေကို **ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။　ပြည်သူ့ကောင်စီဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၈။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၇၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၃ ရက် )

အမှတ် ၃၈ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရ လည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄) အရ လည်းကောင်း ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ (၁) ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော တနင်္သာရီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**တနင်္သာရီတိုင်းဒေသကြီး ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးဝင်းရှိန် — ဥက္ကဋ္ဌ
တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး
တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ဒုတိယရဲမှူးကြီး မျိုးမင်းအောင် — အဖွဲ့ဝင်
ဦးစီးအရာရှိ (ပထမတန်း)
တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး

(ဂ) ဦးတင်မောင်ဆွေ — အဖွဲ့ဝင်
တိုင်းဒေသကြီးဦးစီးမှူး
တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးဝင်းမော် — အဖွဲ့ဝင်
တိုင်းဒေသကြီးမန်နေဂျာ
တိုင်းဒေသကြီးမြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဦးအုန်းသန်း — အဖွဲ့ဝင်
တိုင်းဒေသကြီးဥပဒေအရာရှိ
တိုင်းဒေသကြီးဥပဒေချုပ်ရုံး

(စ) ဒေါ်နီနီချို — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဆ) ဦးကျော်ထွန်း — အဖွဲ့ဝင်
ဥက္ကဋ္ဌ
တိုင်းဒေသကြီးဗီဒီယိုအခြေခံအဖွဲ့

(ဇ) ဦးမင်းအောင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် ( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

**အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၆**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၄ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသိမ့်နန္ဒာဝင်းအား လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ရာထူးနေရာသို့ **၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၄) ရက်နေ့ နံနက်ပိုင်းမှစ၍** တိုးမြှင့်ခန့်ထားလိုက်သည်။

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

### ပြည်သူ့လွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် ၆၈/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက် )

ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်၊ (၅၅/၂၀၁၅) အရ အောက်ပါ လက်ထောက်ညွှန်ကြားရေးမှူး (၅) ဦးတို့အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဒေါ်မြင့်မြင့်ကြည် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၂။ | ဒေါ်တင်မာမာကြိုင် | လက်ထောက်ညွှန်ကြားရေးမှူး |
| ၃။ | ဒေါ်အေးမြသူ | လက်ထောက်ညွှန်ကြားရေးမှူး |
| ၄။ | ဒေါက်တာတင်နွယ်အေး | လက်ထောက်ညွှန်ကြားရေးမှူး |
| ၅။ | ဒေါ်နွဲ့နွဲ့ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး |

(ပုံ) တင်ဝင်းအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

## အမျိုးသားလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
( ၂၀၁၆ ခုနှစ်၊ မတ်လ ၃၁ ရက် )

၁။ အမျိုးသားလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၆) အရ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရသည့် အောက်ပါ ဦးစီးမှူး (၃) ဦးသည် ဦးစီးအရာရှိ၏ တာဝန်ဝတ္တရားများကို ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည် -

(က) ဒေါ်ဝင်းဝင်းအေး
(ခ) ဒေါ်ခင်နန္ဒာစိုး
(ဂ) ဦးမျိုးကိုကို

၂။ အဆိုပါ အရာထမ်း (၃) ဦးအား ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၂၅၀,၀၀၀/-ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၅၁ အရ တာဝန်ဝတ္တရားများ လက်ခံဆောင်ရွက်သည့် နေ့မှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) ကြည်မင်း၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၆၉/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက် )

ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေမြို့၊ ဧေဝတီရပ်ကွက်၊ အကွက်အမှတ်/အမည် (၂/နာဇီ အနောက်အကွက်)၊ ဦးပိုင်အမှတ် (၆၅) ၏ တစ်စိတ်တစ်ဒေသ **မြေဧရိယာ (၁. ၂၇) ဧက** အား **တေဇာရာမဝိပဿနာကျောင်းတိုက်** မြေအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာမြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၇၀/၂၀၁၆)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက် )

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ မြဇေယျာရပ်ကွက်၊ အကွက်အမှတ်/အမည် - ၁၈ိ/၊ မြဇေယျာအရှေ့၊ ဦးပိုင်အမှတ် (၁၅၈)၊ **မြေဧရိယာ (၅. ၉၉၄)ဧက** အား **"ကက်သလစ်အသင်းတော်ဘုရားကျောင်း"** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက် မြန်မာနိုင်ငံမြေနှင့်အခွန် နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် ( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

**အင်းယားပစိဖိတ် ကုမ္ပဏီလီမိတက်**

ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၅-၇-၂၀၁၆ ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသော အစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ ကြွေးမြီတောင်းခံလွှာများကို ၈-၈-၂၀၁၆ ရက်နေ့ နောက်ဆုံးထားကာ သက်သေပြ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဇော်ဝင်း
ဥက္ကဋ္ဌ

ဦးခင်ဝင်း
B.A, H.G.P., R.L., D.B.L, D.I.L, D.M.L
P.G.D.I.T (New Delhi). D.Jap, M.P.A, M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၁၇၅ (ပထမထပ်-ဝဲ)၊ ၄၈ လမ်း (အထက်လမ်း)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(အိမ်) ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း-၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

**SUN ARCHITECTS & ENGINEERS COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **SUN ARCHITECTS & ENGINEERS COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန်ရှိသဖြင့် အစုရှင်အားလုံးတက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | ။ | ။ ၁၅-၈-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | ။ | ။ နံနက် (၉း၃၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ။ | ။ တာဝါ(ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

**NOVA GENERAL TRADING COMPANY LIMITED**

ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၂၀၈-င အရ ဖျက်သိမ်းဆဲ **NOVA GENERAL TRADING COMPANY LIMITED** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါ၍ အစုရှင်များ၏ သဘောတူညီချက်ကိုရရှိရန်ရှိသဖြင့် အစုရှင်အားလုံး တက်ရောက်ကြရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်နေ့ | ။ | ။ ၁၅-၈-၂၀၁၆ |
| အစည်းအဝေးကျင်းပမည့်အချိန် | ။ | ။ နံနက် (၁၁း၀၀) နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | ။ | ။ တာဝါ(ဘီ)၊ အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

ဒေါ်အေးသီတာ

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

NOTICE

Commencement of Winding up of the AFFAIRS OF

**HIKARU TSUSHIN COMPANY LIMITED** (Yangon Branch)

In pursuant of the Former Ministry of National Planning and Finance's Press Release No.2/94 dated 14th January, 1994 I hereby give notice that **HIKARU TSUSHIN COMPANY LIMITED** (Yangon Branch) will commence the winding up its affairs in Myanmar on (15.7.2016).

I, the Undersigned Liquidator for the above named Company have fixed (15.8.2016) as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to the creditors of the above Company are therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below before the above date.

Tadashi Kitagishi
Representative Director
Hikaru Tsushin Company Limited

Daw Khin Win Yi
Liquidator
No. 189, 2nd Floor(Left), Middle Block,
39th Street, Kyauktada Township,
Yangon, Myanmar.

NOTICE TO CREDITORS

**Oversea-Chinese Banking Corporation Limited**

(Yangon Representative Office)

Consequent on the upgrading of the Yangon Representative Office, to operate as a branch in the Republic of the Union of Myanmar, under the Central Bank of Myanmar's licence to operate as such, the Yangon Representative Office was closed down on and its affairs are being wound up with effect from 15th January, 2016.

All persons claiming to be creditors of the Yangon Representative Office as at 15th January, 2016 are therefore requested to submit their claim or claims, with documentary evidence to the undersigned at No.64 (B) (1st Floor) Komin Kochin Road, Bahan Township, Yangon within one month of the date of publication of this notice.

Maung Maung Aung
Attorney & Liquidator

In the matter of the Myanmar Companies Act

**PROMANAGE BUSINESS SOLUTIONS CO., LTD.**

(In Members Voluntary Winding-up)

Notice of Special Resolutions Pursuant to Section 206 (1)

At the Extraordinary General Meeting of the Members of the Company held at No. 77/79 (C), Ground Floor, Bo Yar Nyunt Street, Dagon Township, Yangon Region on 11th July, 2016 the following , "Special Resolutions" were passed:

***Special Resolutions:-***

1. That the Company be voluntarily wound-up by the members with effect from 11th July, 2016.
2. That Daw Me Me Kyaw, "Certified Public Accountant", be and is hereby appointed Liquidator for the purpose of such winding-up and is authorized to carry on the business of the Company to such extent and for such period as may be necessary only for the beneficial winding-up thereof and is granted such other powers as may be deemed fit or proper and to final winding-up the Company.
3. That all persons claiming to be creditors of the above Company are requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator at No.49/51, (7th Floor), 2nd Street, Lanmadaw Township, Yangon Region before 11th August, 2016.

Koh Liang Soo
Managing Director
Promanage Business Solutions Co., Ltd.

Me Me Kyaw
B.Com (Q), C.P.A
Certified Public Accountant & Auditor

**MYANMAR CORPORATE STRATEGIC ADVISORY COMPANY LIMITED**

Notice Under Section 206 (1) of
The Myanmar Companies Act
(Voluntary Winding-up by Members)

At the Extraordinary General Meeting of the Members of the Company held at company's meeting room on **26.5.2016**, the resolution to voluntarily wind up the Company and appoint Daw Kyi Nyein Chan (Attorney at law) as the liquidator was passed with a Special Resolution.

In light of such Resolution, all persons claiming to be creditors of the Company are requested to submit details of their claims together with solid documentary evidence to support such claims in their possession, to the liquidator at the address given below on **(15.8.2016)** or before that day.

Mr. Shinsuke Goto
Managing Director
Myanmar Corporate Strategic Advisory Co., Ltd.

Daw Kyi Nyein Chan
Liquidator (Attorney at law)
TMI Associates Services Co., Ltd.
# 105, Prime Hill Business Square,
No.60, Shwe Dagon Pagoda Road,
Dagon Township Yangon, Myanmar.

**WAH SEONG INDUSTRIAL HOLDINGS SDN BHD (Myanmar Branch)**

**Voluntary Liquidation with the consent of the Head Office**

According to this Special resolution by the management of Myanmar Branch held on 13th July, 2016 at Suite 19.01, Level 19, the Gardens North Tower, Mid Valley City, Lingkaran Syed Putra, 59200 Kuala Lumpur, Wilayah Persekutuan, Malaysia it is decided that Myanmar Branch be place into voluntary liquidation for carrying out of such liquidation, Daw Thida Cho Win (B.Com, C.P.A) holding [NRC No. 5/Nga Za Na (Naing) 038662] was appointed as liquidator.

We hereby announce that any person who have debts and liabilities to this company should claim or pay them from/to the liquidator by 15th August, 2016 at the latest.

Mr. Ng Jia Wei
Chief Representative on behalf of
Wah Seong Industrial Holdings SDN BHD
(Myanmar Branch)
21/22, Bahosi Housing, Lanmadaw T/S, Yangon.

Daw Thida Cho Win
Liquidator
No. 38, Mawlamyine Street,
Sayar San North/West Ward
Bahan T/S, Yangon.

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**နိဝါန ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်**

**(Niwana Construction Company Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် - ၂၉၆၊ ဗညားဒလလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များ ရှင်းပြရန်။

ခင်စောယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## POWER 23rd MINING COMPANY LIMITED

ဖျက်သိမ်းရန် ကြော်ငြာချက်

၁။ **POWER 23rd MINING COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် ၂၀၁၆ ခုနှစ်၊ ဇွန်လ (၁၁) ရက်နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## တင့်စန္ဒာ အင်ဂျင်နီယာဆောင်ရွက်မှု ကုမ္ပဏီလီမိတက်
## (TINT SANDA ENGINEERING SERVICES CO., LTD.)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၁၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ **တင့်စန္ဒာ အင်ဂျင်နီယာဆောင်ရွက်မှု ကုမ္ပဏီလီမိတက် (TINT SANDA ENGINEERING SERVICES CO., LTD.)** အား (၁၃-၇-၂၀၁၆) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မျိုးစန္ဒာဆင့်ဆင့်ဝင်း
(အုပ်ချုပ်မှုဒါရိုက်တာ)
တင့်စန္ဒာ အင်ဂျင်နီယာဆောင်ရွက်မှု
ကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော်
[B.Com (Q), C.P.A]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်းမ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ပ၊ ထ၊ န - အမှတ် ၆၂၂/၁၅/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၂၀၀/၁၅-၇-၂၀၁၆။